www.burmeseclassic.com

# ပဒိဋ္ဌာ

# သချိုင်းကုန်းက ဟော်တယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

# သချိုင်းကုန်းက...ဟိုတယ်ကြီး


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြဲ-၀၉၃၂) ရဲအောင်စာပေတိုက် အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးဖေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်) (၁၂၉၉)၊ အောင်သုခ ၂၇-လမ်း၊ ဗ-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ် ၂၀၁၄ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ရွှေမင်းသမီးစာပေ၊ ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

၈၉၅-၈၃
မအိုစာ
သချိုင်းကုန်းက ... ဟိုတယ်ကြီး/မအိုစာ-ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၄
၁၆၀ စာ၊ ၁၃.၂၁ x ၂၀.၈၃ စင်တီ၊
(၁) သချိုင်းကုန်းက ... ဟိုတယ်ကြီး


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


၂၂။ ရွှေတောင်ရွာသူ မချမ်းသာ

၂၃။ ပတ္တမြားဝိညာဉ်

၂၄။ မိမိလေး

၂၅။ နှစ်တစ်ရာဂူသချိုင်း

၂၆။ နတ်ကိုးကြိမ်

၂၇။ ဝိညာဉ်မှတ်တမ်း

၂၈။ ရွှေမျက်နှာရှင်သခင်မ

၂၉။ အလောင်းကောင်

၃၀။ မီးစုန်း

၃၁။ အဆောင် ၈

၃၂။ ကျမ်းစူး

၃၃။ ဟိုင်းဝေးတစ္ဆေ

၃၄။ သွေးစုပ်သူယောင်မယ်

၃၅။ အမေကိုစားတဲ့သမီး

၃၆။ အောက်လမ်း (ပထမပိုင်း)

၃၇။ အောက်လမ်း (ဇာတ်သိမ်း)

၃၈။ စုန်းတောက်တဲ့ ...ည

၃၉။ ချစ်တီးဝိုက်


ယခု

သချိုင်းကုန်းက...ဟိုတယ်ကြီး

# သချိုင်းကုန်းက ... ဟိုတယ်ကြီး

## မအိုတာ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

(၁၉၉၁ ခုနှစ်...)

တိုးဘိုရပ်ကွက်လေးရဲ့ မနက်ခင်းဟာ ဆူညံ ဆူညံအသံများနဲ့ လန်းဆန်းနေတယ်။

ရွာသူကြီးရဲ့အိမ်ဝိုင်းထဲ လူတွေ ခြံလုံးပြည့်မျှ စုပြုံ ရောက်နေသလို သူကြီးရဲ့မျက်နှာမှာတော့ စိတ်ရှုပ်ထွေးမှုတွေပဲ



ကြီးစိုးနေရှာတယ်။

"ဒီမယ် သူကြီး ... ဒီကိစ္စကို
ကျုပ်တို့ လုံးဝလက်မခံဘူး၊
အဓိပ္ပာယ်မရှိတဲ့ကိစ္စ၊
လူမဆန်တဲ့လုပ်ရပ်ဗျ"

ရွာသားလူငယ်တစ်ယောက်ရဲ့စကားကို ကျန်တစ်ယောက်က ...

"ဟုတ်တယ်ဗျ၊ ဒါက ...
အများနဲ့ဆိုင်တဲ့ကိစ္စဗျ၊
ဟိုက ပြောတဲ့အတိုင်း သူကြီးလုပ်ရင်
ရွာနီးစပ်ချုပ်တွေအားလုံး သူကြီးကို
ပြဿနာရှာကြလိမ့်မယ်"

"ဟုတ်တယ်တော့် သူကြီးရဲ့၊
သူကြီးက ကျုပ်တို့ရွာမှာ
မျိုးရိုးစဉ်ဆက် သူကြီးလုပ်ခဲ့တာလေ၊

www.burmeseclassic.com

www.burmeseclassic.com



မနေရှင်တွေကြောင့် သူကြီးအပေါ်

ရွာတွေအားလုံးထားတဲ့ လေးစားမှုကို

မပေါ့လျော့စေချင်ဘူးရှင်"

ရွာသူရဲ့အပြောကို ကျန်လူတွေကပါ ...

"ဟုတ်တယ်၊ မှန်တယ်၊

ရွာသားတွေဘက်က ရပ်တည်ပေးပါ သူကြီး"

လို့ ဝိုင်းဝန်းပြောကြကုန်တယ်။

အိုးဘိုရွာသူကြီး ဦးကြည်သိန်းက ရွာသူရွာသားတွေရဲ့စကားတွေကြောင့် အကြီးအကျယ် စိတ်ညစ်ညူးသွားရတယ်။

ဒါ့ကြောင့် စားပွဲခုံကြီးကို တဘုန်းဘုန်းထုလိုက်ရင်း...

"တော်ကြပါတော့ ... ရပ်ကြပါတော့ဟ၊

ဒီကိစ္စကို ငါ သေသေချာချာ စဉ်းစားပါဦးမယ်၊

ပြန်ကြပါတော့ ... တောင်းပန်ပါတယ်၊

ကြာရင် ... ငါ အသက်ထွက်တော့မယ်ဟ"

လို့ အော်ဟစ်ပစ်လိုက်တယ်။



ရွာသူရွာသားတွေဟာ သူကြီးရဲ့ပေါက်ကွဲမှုကြောင့် တိတ်ဆိတ်သွားကုန်တယ်။

တစ်ယောက်လက် တစ်ယောက်တို့ရင်း သူကြီးရဲ့ခြံဝိုင်းထဲကနေ အသီးသီးထွက်ခွာသွားကြတယ်။

ဒီအချိန်မှာပဲ ရွာမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဘွားအိုစာတာ တုတ်ကောက်ကို အားပြုရင်း သူကြီးရဲ့ခြံဝိုင်းထဲ ရောက်လာတယ်။

"ဟာ ... ဘွားလေးပါလား၊

ကြွပါ ... ကြွပါ ဘွားလေး၊

ဘွားလေးက အိမ်ထဲအောင်းနေတာ

နှစ်ပေါင်းမနည်းတော့ဘူးလေ၊

ဘယ်အကြောင်းကြောင့်များ ကျုပ်အိမ်

လာရပါသလဲ ... ပြောပါ ဘွားလေး"

သူကြီးက အိမ်ဦးခန်းမှာ နေရာချပေးရင်း ပျာပျာသလဲမေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုစာဆိုတာက မျိုးရိုးစဉ်ဆက် အောက်လမ်းပညာ ရပ်မှာ တစ်ဖက်ကမ်းခပ်တဲ့သူ။

ဒါ့ကြောင့် အိုးဘိုတစ်ရွာလုံး ဘွားလေးအိုစာကို အကြီးအကျယ် ကြောက်လန့်သည်။

အရမ်းလည်း လေးစားကြတယ်။

"နင် ... အခု ဘာတွေလုပ်နေသလဲ၊

ပြောစမ်း သက်ညို၊ ရွာသားတွေ

နင်လုပ်တာ မကျေနပ်ဘူးလို့

ငါ သတင်းရတယ်ဟေ့"

ဘွားလေးအိုစာရဲ့တောင်ဖေးကို ဆောင့်ပြောလိုက်တဲ့ စကားကြောင့် သူကြီးသက်ညိုဟာ အကြီးအကျယ် ဗျာယာခတ် သွားရရှာတယ်။

"ဒီ ... ဒီလိုပါ ဘွားလေးရယ်၊

ကျုပ်ကလည်း ဆန္ဒအရ လုပ်ချင်လို့

မဟုတ်ပါဘူး၊



ဘယ်သူ့ကိုမှ ကျုပ်မပြောပြပေမယ့်

ဘွားလေးကို ကျုပ် ပြောပြပါ့မယ်၊

တကယ်တော့ ... ဘွားလေးရဲ့

ဒီသချိုင်းရဲ့မြေနေရာက ကျုပ်တို့ရွာက

ပိုင်ဆိုင်တာမဟုတ်ဘူး၊

လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်လောက်တည်းက

သူဌေးကြီး ဦးကျင်ဆိုင် ပိုင်ဆိုင်ခဲ့တာပါ၊

သူဌေးကြီးက သဘောကောင်းတဲ့အတွက်

ရွာမှာ သချိုင်းမြေမရှိတုန်း

သူ့မြေကွက်ကို သုံးခွင့်ပြုခဲ့တာပါ၊

ဒါကို ... သူကြီးဖြစ်တဲ့ ကျုပ်ကလွဲရင်

ဘယ်သူမှ မသိခဲ့ပါဘူး၊

အခု ... သူ့ရဲ့မျိုးဆက်တွေက

သချိုင်းမြေနေရာကို ရောင်းချချင်တဲ့အတွက်

ကျုပ်ကို သချိုင်းဖယ်ခိုင်းနေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဘာလုပ်ရမလဲ၊ ကျုပ်ဘက်လည်း
ထည့်စဉ်းစားပါဦး ဘွားလေးရယ်”
သူကြီးသက်ညို့ရဲ့ရှင်းပြမှုကြောင့် ဒေါ်အိုစာက …
“ကောင်းပြီ သက်ညို၊
နင့်စကား အမှန်ဆိုရင် ငါကိုယ်တိုင်
ရွာသူရွာသားတွေကို ပြောပေးမယ်၊
သချိုင်းဖယ်တာတော့ ဟုတ်ပါပြီ၊
နာရေးပေါ်လို့ မသာချရင်
ဘယ်သွားချကြမလဲအေ့”
“ဒီအတွက်လည်း စိတ်မပူပါနဲ့၊
ရွာနောက်ဘက်က ချောင်းစပ်ဘက်ရွှေ့ဖို့
စီစဉ်ထားပါတယ်၊ ဘွားလေးသာ ရွာသားတွေကို
ရှင်းပြပေးပါဗျာ”
သူကြီးရဲ့စကားကို ဒေါ်အိုစာက မျက်မှောင်ကြုတ်ရင်း
“နေစမ်းပါဦး …သူတို့က သချိုင်းမြေမှာ
ဘာလုပ်မယ်တဲ့လဲ”
လို့ မေးလိုက်တဲ့အခါ သူကြီးက …
“ကျုပ်တို့ရွာက အဝေးပြေးလမ်းမရဲ့ဘေးမှာ
ရှိနေသလို၊ သချိုင်းကလည်း
လမ်းမဘေးမှာ ရှိနေတာကိုး ဘွားလေးရဲ့”
ဒါ့ကြောင့် … သူတို့က အဲဒီမြေမှာ
တည်းခိုခန်းလား၊ ဟိုတယ်လားတော့
မသိပါဘူးဗျာ၊
အဲဒါ ဆောက်မယ်လို့ ပြောတာပါပဲ”
သူကြီးသက်ညို့ရဲ့ စကားကြောင့် ဒေါ်အိုစာဟာ တအံ့
တသြ ရေရွတ်လိုက်မိတယ်။
“ဘယ်လို … ဟိုတယ်ဆောက်မယ် …ဟုတ်လား၊
ကြိုကြီးစည်ရာတော် … သချိုင်းမြေကြီးမှာ”

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

**သချိုင်းမြေမှာ** ဟိုတယ်ဆောက်မယ့်သတင်းက နီးဆိုတစ်ရွာလုံး အုတ်အော်သောင်းတင်း ပျံ့နှံ့သွားတယ်။

ရွာသူရွာသားတွေဟာ ဟိုတစ်စု သည်တစ်စုနဲ့ ဒီအကြောင်းကိုသာ ပြောကြကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မြေပိုင်ရှင်ရှိလို့ သင်္ချိုင်းဖယ်ရတာ

ဟုတ်ပါပြီ၊ ဒါပေမဲ့ ...

ဟိုတယ်ဆောက်မယ်ဆိုတာတော့

မလုပ်သင့်ဘူးဗျ"

"မှန်တာပေါ့ရှင်၊ မြေပိုင်ရှင်တွေက

စီးပွားရေး သိပ်ဆန်လွန်တယ်၊

ဟိုတယ်ဆိုတာက လူတွေက ခရီးသွားရင်း

ပင်ပန်းရင် ဝင်နားကြမှာလေ၊

အ,မင်္ဂလာနေရာကြီးမှာ ဆောက်ထားတော့

အမယ်လေး ... တွေးရုံနဲ့

ကြက်သီးထစရာကြီးတော့"

"အကောင်းဘက်က တွေးရင်တော့

ကောင်းပါတယ်ဗျာ၊

တို့ရွာထိပ်မှာ ဟိုတယ်ကြီးရှိတော့ ...

ဂုဏ်တက်တာပေါ့ဟ"



"ဂုဏ်တက်တာ အသာထားဦး၊

သရဲတွေ ဟိုတယ်ပေါ်တက်ပြီး

ခြောက်လှန့်ရင် ကြောက်စရာကြီးနော်၊

အရင်ကတည်းက တို့သင်္ချိုင်းက ရာဇဝင်နဲ့၊

ဒီသင်္ချိုင်းကုန်း ဘယ်လောက်

အခြောက်ကြမ်းတယ်ဆိုတာ

အားလုံး အသိပဲလေ၊

ညဘက်မပြောနဲ့ ... နေ့ဝင်ရီတရောတောင်

ဖြတ်ဝံ့တာမဟုတ်ဘူး"

"ဒါတော့ ဟုတ်တယ်ဗျို့၊

မြို့တက်ပြီး အပြန်ဆို

နေမဝင်ခင် အမိပြန်မှ၊

အသုဘချရင်လည်း နေ့ခင်းဘက်

ချရဲကြတာ၊

ခေတ်အဆက်ဆက်က သရဲ,သဘက်တွေ

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမှာ ကြီးစိုးထားတာ
အားလုံးအသိပဲ"
"ဟုတ်တယ်နော်၊
ဒီအတိုင်းဆို ဟိုတယ်ကြီးသာ
ဆောက်ပြီးသွားရင် ... ဘာတွေဖြစ်နိုင်လဲ
တွေးမိရုံနဲ့ ကျောချမ်းမိပါရဲ့၊
ကြောက်စရာကြီးတော့"

ရွာသူရွာသားတွေဟာ တစ်ယောက်တစ်မျိုး ဝေဖန်ပြော ဆိုရင် ရွာလမ်းအတိုင်း လျှောက်လာတဲ့ သူကြီးကို တွေ့သွားကြ တယ်။

"ဗျို့ သူကြီး ... ဘယ်လဲဗျ"

ရွာသားတွေရဲ့ နှုတ်ဆက်မှုကြောင့် သူကြီးက ၎င်းတို့ ရှိရာ လျှောက်လာတယ်။

"လူတွေစုပြီး ဘာတွေများ
တိုင်ပင်နေကြသလဲကွ"

"တိုင်ပင်တာ မဟုတ်ပါဘူး သူကြီးရာ၊
အတင်းချနေကြတာပါ ... ဟဲ ... ဟဲ"
"ဟေ ... အတင်းချနေတာ ... ဟုတ်လား၊
ဘယ်သူ့အတင်းများလဲကွ"
"ဟို ... သချိုင်း ... သချိုင်းကုန်းအတင်းဗျ၊
ဟဲ ... ဟဲ ..."
"မင်းတို့ကောင်တွေကွာ၊
ချစရာရှာလို့ သချိုင်းကုန်းအတင်းများ
ချရတယ်လို့"
"ဒါနဲ့ ... သူကြီးကရော
ဘယ်သွားမလို့လဲတော့"
"ငါလည်း သချိုင်းကိစ္စပဲလေ၊
ဘွားလေးအိုစာအိမ် သွားမလို့ဟ၊
နင်တို့ လိုက်ချင်လိုက်ခဲ့ကြလေ"

သူကြီးသက်ညိုနဲ့ ရွာသူရွာသားတချို့ဟာ ရွာရဲ့

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်အစွန်မှာရှိတဲ့ ဒေါ်အိုစာခြံကို ထွက်ခဲ့ကြတယ်။

"ဗျို့ ... ဘွားလေး ... ဘွားလေးရေ၊

ကျုပ်တို့ ခြံထဲဝင်ခဲ့မယ်နော်"

သူကြီးသက်ညိုက ထိုသို့အသံပြုရင်း ခြံဝိုင်းထဲ ဝင်သွားတယ်။

ရေနံချေးသုတ်ထားတဲ့ အိမ်ကြီးနားရောက်တော့ ...

'တောက် ... တောက် ... တောက် ... တောက် ...'

ဆိုတဲ့ အသံ ကြားလိုက်ရတယ်။

သူတို့အားလုံး အိမ်ပေါ်ရောက်တဲ့အခါ ကျောပေးထိုင်နေတဲ့ ဒေါ်အိုစာကို တွေ့လိုက်ကြရတယ်။

ဒေါ်အိုစာဟာ ဟောင်းနွမ်းနေတဲ့ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသလို ... အရိုးခေါင်းကြီးကို အရိုးချောင်းနဲ့ တတောက်တောက် ခေါက်နေတယ်။

သူကြီးနဲ့ရွာသားတွေဟာ ၎င်းရဲ့နောက် ဝင်ထိုင်ရင်း ငြိမ်သက်စွာ စောင့်နေလိုက်တယ်။



အတန်ကြာမှ ဒေါ်အိုစာဟာ နောက်လှည့်လာတယ်။

"ဘာအကြောင်းရှိလဲ သက်ညို ... ပြောစမ်း"

"ဒီလိုပါ ဘွားလေး ...

မကြာခင်မှာ သင်္ချိုင်းနေရာကို

ဖယ်ပေးရမှာ မဟုတ်လား၊

ကျုပ်တို့ အိုးဘိုရွာသင်္ချိုင်းဆိုတာက

သရဲတစ္ဆေ အခြောက်ကြမ်းတယ်ဆိုပြီး

ရွာနီးချုပ်စပ်အထိ သတင်းကြီးတာ

ဘွားလေးသိမှာပါ ...၊

ပြီးတော့ ... အဲဒီသင်္ချိုင်းမြေမှာက

ဟိုတယ်ဆောက်မှာလေ၊

ဒါ့ကြောင့် နောင်အခါ မလိုအပ်တဲ့

ကိစ္စတွေ ဖြစ်လာမှာစိုးလို့

သင်္ချိုင်းမြေက နာနာဘာဝတွေကို

ရွှေ့ပြောင်းပေးရင် ကောင်းမလား

www.burmeseclassic.com



တွေးမိပါတယ်၊ ဒါ့ကြောင့် ...

ဘွားလေးနဲ့လာပြီး တိုင်ပင်တာပါဗျာ”

သူကြီးသက်ညိုရဲ့စကားကြောင့် ဒေါ်အိုစာက ခေါင်း

ဆတ်ဆတ်ညိတ်ရင်း ...

“ဒါ လုပ်သင့်တဲ့ကိစ္စပဲ၊

နင်တို့သာ ရက်သတ်မှတ်လိုက်၊

သချိုင်းက နာနာဘာဝတွေရှေ့ဖို့

ငါ ကူညီမယ်၊

ဒါပဲမဟုတ်လား ... ပြန်ကြတော့”

လို့ ပြောတဲ့အတွက် သူကြီးနဲ့ ရွာသားတွေလည်း လှည့်

ပြန်ခဲ့ကြရတယ်။

အပြန်လမ်းမှာ ရွာသားတစ်ယောက်က ...

“ဒီအဘွားကြီးက ထူးဆန်းတယ်ကွ၊

အကြောင်းမရှိရင် သူ့ခြံဝိုင်းထဲက

အပြင် လုံးဝမထွက်ဘူး၊



အမြဲတမ်းလည်း အနက်ရောင်ပဲ ဝတ်တယ်၊

ပြီးတော့ ... ထဘီကလည်း ဓောက်ထိုးကြီးကွ၊

မိန်းမတွေ ထဘီဝတ်ရင် အထက်ဆင်က

အပေါ်ဝတ်ကြတာပဲ၊

သူကျမှ အောက်ရောက်ရတယ်လို့၊

တကယ့် စုန်းမကြီးကွ”

“ဟကောင်ရ ... စုန်းမကြီးကပဲ

သချိုင်းက သရဲတွေ ရှေ့ပေးမှာနော်၊

သူ့အကြောင်းမပြောနဲ့ကွ၊

တော်ကြာ နေရင်းထိုင်ရင်း ပြုစားနေဦးမယ်”

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

" ဘယ်လိုလဲ သူကြီး . . .

ကျုပ်တို့ပြောထားတဲ့ကိစ္စ အဆင်ပြေလား၊

အဆင်မပြေလည်း ဂရုမစိုက်ဘူးနော်၊

ကျုပ်တို့က သချိုင်းတစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချိုးဖျက်ဆီးပြီး

မြေလှန်ပစ်လိုက်မယ်၊

ငွေလမ်းခင်းလိုက်ရင် ခင်ဗျားတို့

တစ်ရွာလုံးပါ မသာနဲ့အတူ

ရွှေ့လိုက်ရမယ် ... ဘာမှတ်သလဲ"

သချိုင်းမြေပိုင်ရှင်ရဲ့မြေးဖြစ်သူ မောင်တရုတ်ရဲ့ကြိုးဝါး

သံကြောင့် သူကြီးသက်ညိုက လက်ကာလိုက်ရင်း ...

"ဒီလိုမဟုတ်ရပါဘူး သူဌေးလေးရယ်၊

ရွာသားအားလုံးလည်း သချိုင်းရွှေ့မယ့်ကိစ္စကို

လက်ခံကြပါတယ်၊

မနက်ဖြန်ညဆို သချိုင်းအပြီးရွှေ့ပြီးမှာပါ၊

ကျုပ် တာဝန်ယူပါတယ် သူဌေးလေး"

လို့ ပြောလိုက်တယ်။

"ဘာဗျ ... သချိုင်းရွှေ့တာ

ဘယ်အချိန်လုပ်လုပ် ရတာပဲဗျ၊



ဘာလို့ မနက်ဖြန်ညမှ ပြီးရမှာလဲ၊

ကျုပ်တို့မှာ အချိန်မရှိဘူးနော်"

"ဟုတ်ပါတယ် သူဌေးလေးရယ်၊

ဒီလိုပါဗျာ ... နောက်နေ့မနက်မှာ

အုတ်ဂူတွေ, မြေပုံတွေရွှေ့ဖို့

စီစဉ်ထားပါတယ်၊

ည ... ညပိုင်းမှာက သန်းခေါင်ချိန်မှာ

သချိုင်းမှာရှိတဲ့ ဝိညာဉ်တွေကို

ရွှေ့ဖို့အတွက်ပါ၊ ဒါ့ကြောင့် ...

သန်ဘက်ခါမှ သူဌေးလေးတို့လက်ထဲ

သချိုင်းမြေကို ပြန်အပ်နိုင်မှာပါဗျာ"

သူကြီးသက်ညိုရဲ့စကားကြောင့် မောင်တရုတ်ဟာ

မျက်မှောင်ကြီး ကြုတ်သွားတယ်။

"ဘယ်လိုလူတွေလဲဟ၊

ဒါ့ကြောင့် ခင်ဗျားတို့လိုလူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်တောထဲက မထွက်နိုင်တာ၊

အလကား အယူသီးတဲ့လူတွေ၊

လူဟာ သေရင်ပြီးပြီ ... မှတ်ထား၊

ဘာဝိညာဉ်မှ မရှိဘူးဗျ၊

ကျုပ် ဘာမှမယုံဘူး"

"ဟုတ်ပါတယ် သူဌေးလေးရယ်၊

တစ်ရွာလုံး စိတ်ရှင်းဖို့ လုပ်ရတာပါဗျာ၊

တစ်ရက်ပဲ စောင့်ပေးပါဗျာ ... တကယ်ပါ"

"ကောင်းပြီ ... တစ်ရက် အချိန်ပေးလိုက်မယ်၊

ကတိမတည်ရင် ခင်ဗျားတို့တစ်ရွာလုံး

အိမ်ခြေမဲ့ဖို့ ပြင်ထား ... ဒါပဲ"

သချိုင်းမြေပိုင်ရှင်ရဲ့မြေး မောင်တရုတ်ဟာ ၎င်းပြောချင်တာကို မိုက်မိုက်ရိုင်းရိုင်းပြောဆိုပြီး သူကြီးခြံဝိုင်းထဲက လှည့်ထွက်သွားတယ်။

ရွာသားတချို့က သူကြီးရဲ့ဝိုင်းထဲ ဝင်လာရင်း ...



"ပုံစံကိုက ထောင့်မကျိုးဘူး သူကြီးရာ၊

မြေရှင်ဖြစ်ပြီး သိပ်အောက်တန်းကျတယ်၊

ကျုပ်တော့ ဒင်းကို ချောင်းရိုက်ချင်စိတ်

ပေါ်နေပြီ ... တောက်"

လူမိုက်မီးခဲရဲ့အပြောကြောင့် သူကြီးသက်ညိုရာ ခေါင်းခါယမ်းလိုက်တယ်။

"မဟုတ်သေးဘူး မီးခဲရ၊

ဘာပဲဖြစ်ဖြစ် သူ့အဘိုးရဲ့ကျေးဇူးကို

ထောက်ရမယ်ကွ၊

သူတို့ပိုင်မြေမှာ နှစ်တွေအများကြီး

သချိုင်းနေရာပေးထားခဲ့တယ်၊

အင်း ... ပိုက်ဆံကလည်းရှိ၊

ခေတ်ပညာတတ်လူငယ်လည်းဖြစ်တော့

နည်းနည်းတော့ အောက်ခြေလွတ်တာပေါ့ကွာ၊

သူ့အဘိုး သူဌေးကြီးက

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကို စိတ်ဓာတ်ပြည့်ဝတာကွ၊
သူလည်း ငါတို့အိုးဘိုရွာသားပဲလေ၊
ထားလိုက်ပါတော့ကွာ ...
မကြာခင် ပြီးသွားမယ့်ကိစ္စပါကွ”
“မီးခဲပြောသလိုပဲဗျ ... ကျုပ်လည်း
မခံနိုင်ဘူး၊ အယူမသီးဘူး၊
အယုံကြည်မရှိဘူးဆိုပြီး
တစ်ချိန် သူ့ဟိုတယ်ကြီး ဧည့်သည်တွေနဲ့
ပြည့်သနာတက်ရင် သူပဲ စီးပွားပျက်မှာ၊
ဝဋ်ဘဿာတတ်တာဗျ၊
ဒီလူ ဘာမှဦးနှောက်မရှိဘူး”
“ဒါတော့လည်း မင်းပြောတာ မှန်ပါတယ်၊
ဘုရားဟောထဲမှာတောင် လူဟာ သေရင်
နောက်ဘဝဆိုတာ ရှိတယ်ကွ၊
ဘဝနှစ်ခုကူးပြောင်းကာလ ...



ကိုယ့်ရဲ့ကုသိုလ်၊ အကုသိုလ်တရားကြောင့်
ရုပ်ခန္ဓာကနေ နာမ်ခန္ဓာဘဝ
ရောက်နိုင်တာပဲ၊ ဒါပေမဲ့ ...
တို့ရွာက သချိုင်းကတော့
လူအားလုံး လိပ်ပြာလွင့်လောက်အောင်
ခြောက်လှန့်တယ်လို့ နာမည်ကြီးတာ
အားလုံးအသိပဲ၊
သူတို့ သချိုင်းအကြောင်း မသိသေးလို့ပါကွာ၊
ငါတော့ ဘာတွေဖြစ်မလဲဆိုတာ
ရင်တထိတ်ထိတ်နဲ့ နားစွင့်နေရမှာပဲဟေ့”

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

နောက်တစ်နေ့...

အိုးဘိုရွာရှိ ယောကျ်ားအားလုံး မနက်ခုနစ်နာရီ ကတည်းက သချိုင်းရွှေ့ဖို့ လုပ်အားပေးကြတော့တယ်။

ထိုသချိုင်းက အိုးဘိုရွာတင်မကဘဲ အနီးအနားရွာတွေ ကပါ လာရောက်မြှုပ်နှံတဲ့အတွက် အုတ်ဂူပေါ့၊ ကမ္ပည်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



တွေက အပြည့်အသိပ်။

ဒေါ်အိုစာစီစဉ်ပေးတဲ့ ကန်တော့ပွဲနဲ့အတူ ထိုပွဲမှာ သူကြီးက အမွှေးတိုင်ကို မပြတ်ထွန်းညှိပေးနေရတယ်။

ရွာသားတွေက ညနေစောင်းတဲ့အချိန်ထိ သချိုင်းရွှေ့ခြင်းကို အားသွန်ခွန်စိုက် ပြုလုပ်နေကြရှာတယ်။

အလုံးစုံပြောင်းရွှေ့မှုပြုပြီးချိန်မှာတော့ ညခြောက်နာရီရှိနေချေပြီ။

သချိုင်းရွှေ့ပြီးတဲ့အတွက် သူကြီးဟာ ရွာသားတစ်ဦးကို လွှတ်ပြီး ဒေါ်အိုစာဆီ အကြောင်းကြားခိုင်းတယ်။

လုပ်အားပေးရွာသားတွေရဲ့ အိမ်အပြန်လမ်းမှာတော့ ...

"ဟူး ... မောလိုက်တာကွာ၊

မသာစာရင်း လိုက်ကောက်ရတာနဲ့၊

အုတ်ဂူတွေ ဖျက်ရတာနဲ့၊

မြေပုံတွေ ပြန်ဖော်ရတာနဲ့

လူလည်း လှုပ်တောင် မလှုပ်ချင်တော့ဘူးကွာ၊



ထန်းရည်လေး ဘာလေး မော့လိုက်ရင်

မကောင်းဘူးလားဟေ့"

လို့ တစ်ယောက်က ဆော်ဩလိုက်တယ်။

"ကောင်းတယ်ဟေ့၊ ဒါ ... အကောင်းဆုံးပဲ၊

လူတွေလည်း မသာစော်နံနေသလိုပဲဟေ့၊

မူးအောင်သောက်ပြီးမှ အိမ်ပြန်ပြီး

တရေ်နဲ့ ခေါင်းလျှော်ပစ်ရမယ်ကွ"

ရွာသားတစ်အုပ်ဟာ ထိုသို့ပြောဆိုရင်း ထန်းရည်ဆိုင်ဆီ ဦးလှည့်ကြတယ်။

ထန်းရည်ဆိုင်ရောက်တော့ ထန်းရည်ငါးပုလင်းနဲ့ အကြီးလော်မှာပြီး သောက်စားကြတော့တယ်။

သောက်စားရင်း အရှိန်ရလာတဲ့အခါမှာတော့ ...

"ဟေ့လူတွေ ... ခင်ဗျားတို့ တွေးကြည့်စမ်းပါ၊

ဒီနေ့ည ... ဘာညလဲဗျ၊

ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



နွားကျောင်းသားလူငယ်ရဲ့စကားကြောင့် တစ်ယောက်က ...

"အာ ... သိတာပေါ့ဗျ၊
ဒီညက လပြည့်ည၊
ကျုပ်တောင် သန်းခေါင်ကျော်ရင်
ကောက်ရိုးပုံမှာ အေးမိနဲ့
ချိန်းထားသေးတယ် ... ဟဲ ... ဟဲ"

လို့ ပြောလိုက်တယ်။

"ဟော ... မင်းက ဒီလိုကြီးလားကွ၊
ဒါဆိုရင်တော့ မင်း ကျောချမ်းဖို့သာ ပြင်ထား"

"အာ ... ကျုပ်ကျောချမ်းတော့ အေးမိက
ဖက်ထားမှာပေါ့ဗျာ၊
အိုရချည့်သေးရဲ့ဗျာ"

နွားကျောင်းသားက ထိုလူရဲ့အပြောကြောင့် ခွက်ထိုးခွက်လန် ရယ်လိုက်တယ်။



"ဟား ဟား ဟား ...သောက်ရူးကောင်၊
မင်း ကျောချမ်းရင် အေးမိတော့
ဖက်မှာ မဟုတ်ဘူး၊ သရဲတွေပဲ
ဖက်ထားလိမ့်မယ်ကွ ... ဟား ... ဟား"

"ဘာဗျ ... ကျုပ်က သရဲနဲ့
ကြိုက်တာမှမဟုတ်တာ၊
အေးမိနဲ့ ကြိုက်နေတာဗျ"

"ဟကောင်ရ ... ဒီည သန်းခေါင်ချိန်မှာ
ဒေါ်အိုစာကြီး ဦးဆောင်ပြီး
မကောင်းဆိုးဝါးတွေကို သချိုင်းရွှေ့မှာလေကွာ၊
ဒီညကျမှ ချိန်းတွေ့မယ့်
မင်းတို့အတွဲကတော့ ...
ဟာ ဟ ... ကံစမ်းမဲပေါက်တာပဲဟေ့"

နွားကျောင်းသားရဲ့အပြောကြောင့် ထိုလူဟာ မျက်လုံးပြူးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မှတ်သားမဲ၊

ဒီကိစ္စကို ငါ မေ့သွားတယ်၊

မဖြစ်ဘူး ... မဖြစ်ဘူး၊

အားမီဆီ အမြန်သွားပြီး

ဘရိတ်အုပ်မှ ဖြစ်မယ်"

"ဟား ဟား ဟား ...

ကြည့်စမ်းပါဦး ... ကိုပိန်တစ်ယောက်

ဆက်မသောက်နိုင်ဘဲ ပြေးပြီကွ၊

အလကား ... ကြောက်ကြီး"

❐❐❐

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည သန်းခေါင်ယံအချိန်...

ဒေါ်ကိုစာရဲ့ နိုင်းစေမှုကြောင့် သူကြီးသက်ညို ကိုယ်တိုင် သချိုင်းမြေရောက်နေသလို နွားလှည်းဆယ်စီးကိုပါ အသင့်ခေါ်ထားရတယ်။

လပြည့်ညမို့ ...



သချိုင်းမြေတစ်ခုလုံး လရောင်ဖြာကျနေတယ်။

အဝေးက ကြားရတဲ့ ခွေးအူသံတွေကြောင့် သချိုင်းကို ရောက်နေတဲ့ သူကြီးရဲ့ လှည်းသမားတွေဟာ ကျောထဲစိမ့်မတတ် ကြက်သီးထသွားကြတယ်။ ဒီအချိန်မှာပဲ ...

"ကဲ ... အချိန်ကျပြီဟေ့၊

လှည်းသမားအားလုံး လှည်းပေါ်

အသင့်နေရာယူကြ"

သူကြီးရဲ့ဆော်ဩမှုကြောင့် လှည်းသမားတွေဟာ လှည်းအသီးသီးပေါ်တက်ပြီး အသင့်ပြင်လိုက်ကြတယ်။

ထိုအချိန် ဒေါ်ကိုစာဟာ အမဲသားအစိမ်းတွေပါတဲ့ လင်ဗန်းကြီး ကိုင်ရင်း သချိုင်းမြေရဲ့အလယ်ဆီ လျှောက်သွားတယ်။

သချိုင်းမြေရဲ့အလယ်ကိုရောက်တဲ့အခါ အမဲသားဗန်း ထိုးချလိုက်ပြီး ...

"အိုးဘိုရွာရဲ့သချိုင်းမှာ နေထိုင်တဲ့

သရဲ, တစ္ဆေ, ဖုတ်, ပြိတ္တာ,

www.burmeseclassic.com

www.burmeseclassic.com



အသုရကာယ် အပေါင်းတို့ ...

နာနာဘာဝအပေါင်းအတွက်

ကျွပ် မယ်အိုစာ အသားစိမ်းများ

ကျွေးမွေးပါတယ်၊

နာနာဘာဝအပေါင်း လာရောက်

စားသောက်နိုင်ပါတယ်၊

အေး ... ပြီးရင်တော့

မယ်အိုစာပြောတဲ့အတိုင်း

နင်တို့အားလုံး လိုက်နာရမယ် ...

ကြားကြသလားဟေ့"

လို့ ပြောပြီး တောင်ဝှေးကြီးကို ဒုန်းခနဲ ဆောင့်ချလိုက်တယ်။

ဒီအချိန်မှာပဲ လရောင်အောက် အရိပ်မည်းကြီးတွေဟာ သချိုင်းရဲ့အလယ်နေရာဆီ တရွေ့ရွေ့ စုပြုံရောက်လာကြတယ်။



အမဲသားဗန်းဟာ ခဏချင်းဆိုသလို ပြောင်သလင်းခါအောင် ကုန်စင်သွားတော့တယ်။

ဒေါ်အိုစာဟာ ဘာမှမရှိတော့တဲ့ ဗန်းကိုကြည့်ပြီး ကျေနပ်စွာ ခေါင်းဆတ်ဆတ်ညိတ်လိုက်တယ်။

"ကောင်းပြီဟေ့ ...

ငါကျွေးတဲ့အစာကို စားပြီးရင်

ငါပြောတဲ့အတိုင်း လုပ်ရလိမ့်မယ်၊

ဟိုမှာရှိတဲ့ လူညီးတွေပေါ်

နင်တို့အားလုံး တက်ရမယ်၊

နင်တို့ မှတ်ထားရမှာက ...

အခုသချိုင်းဟာ နင်တို့အတွက်

မဟုတ်တော့ဘူး၊

ဒီထက်ကောင်းတဲ့သချိုင်းကို နင်တို့အားလုံး

ပို့ပေးမယ်၊ သွားကြစမ်း"

ဒေါ်အိုစာဟာ တောင်ဝှေးကို 'ဒုန်း' ... ခနဲ ဆောင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသံစာစာနဲ့ ပြောလိုက်တယ်။

အရိပ်မည်းကြီးတွေဟာ ဒေါ်အိုစာရဲ့ဘေးကနေ တရိပ်ရိပ် ထွက်ခွာသွားကုန်ကြတယ်။

'ကျွီ … ကျွီ … ကျွီ'

ဆိုတဲ့ အသံနဲ့အတူ လှည်းဆယ်စီးဟာ အိ … ခနဲ ဖြစ်သွားတဲ့အတွက် လှည်းသားတွေအားလုံး မျက်လုံးပြူးရင်း လန့်ဖျပ်သွားကုန်ကြတယ်။

လှည်းသမားပေသီးဟာ ဓာတ်ချွေးပြန်စိတ်နဲ့အတူ …

"ဘုရား … ဘုရား … ဘယ်လောက်များတဲ့

မကောင်းဆိုးဝါးတွေလဲ မသိဘူး၊

လှည်းပေါ်တက်ကြတာများ အိစနဲ့ပဲ၊

ငါ့လှည်း ဝင်ရိုးကျိုးရင်တော့ ဒုက္ခပဲ၊

အို … ဘာပဲဖြစ်ဖြစ်

သူကြီးကို မလွန်ဆန်ရဲဘူး၊

ရွာနောက်က သချိုင်းသစ်ကို



အမြန်ရောက်မှ အေးမယ်၊

ခုတော့ … ဘုရားစာရွတ်ရုံပဲ ရှိတယ်"

လို့ တွေးလိုက်မိတယ်။

ဒီနောက်မှာတော့ … ဒေါ်အိုစာနဲ့သူကြီးသက်ညိုတို့ ဦးဆောင်တဲ့ လှည်းဆယ်စီးဟာ အနောက်သချိုင်းကို သွားဖို့ စတင်လိုက်ကြတယ်။

ဒီအချိန်မှာပဲ …

"မယ်အိုစာ … နင့်လုပ်ရပ်ကို

ငါတို့ လက်မခံဘူး၊ ငါတို့ ဒီနေရာဟာ

ဘယ်အကြောင်းနဲ့မှ ဖယ်မပေးနိုင်ဘူး"

ဆိုတဲ့ ကြောက်မက်ဖွယ်အသံကြီးကို သူကြီးရော၊ လှည်းသမားတွေပါ ထိတ်လန့်ဖွယ် ကြားလိုက်ရတယ်။

ဒေါ်အိုစာက ရှေ့မှ ဦးဆောင်သွားနေရာကနေ ခြေလှမ်းကြီး တောင်ဝှေးကို 'ဒုန်း' … ခနဲ ဆောင့်ချလိုက်တယ်။

"ဘယ်သူတွေလဲဟေ့ … ငါ့အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရှုပ်ရင် ငါ လုံးဝ သည်းမခံဘူးဟေ့၊

ခုချက်ချင်း ... ငါ့ရှေ့ရောက်စမ်း"

ခေါ်အိုစာရဲ့ရာဇသံမဆုံးခင်ဘဲ ရုပ်ရည်အလွန်ဆိုးတဲ့ မကောင်းဆိုးဝါးငါးယောက်က သူမရှေ့ ဘွားခနဲ ပေါ်လာတယ်။

မြင်မကောင်းလောက်တဲ့ ကြောက်မက်ဖွယ် ရုပ်အဆင်းတွေကြောင့် သူကြီးနဲ့လှည်းသမားတွေဟာ ကြောက်ဒူးတုန်ပြီး ခေါင်းမွေးထောင်သွားကုန်တယ်။

"မယ်အိုစာ ... ငါတို့ဟာ

ဒီသချိုင်းမှာ အစောဆုံးမြှုပ်နှံခံရတဲ့

အစိမ်းသေတွေပဲ၊ ငါတို့ ဒီမှာနေထိုင်ခဲ့တာ

နှစ်ပေါင်း ငါးဆယ်ရှိပြီ၊

ငါတို့ဟာ သမ္မာရင့်နေတဲ့ သဘက်ကြီးတွေပဲ၊

ငါတို့ ဒီနေရာက လုံးဝမခွာပေးနိုင်ဘူး၊

နင်ဟာ မျိုးရိုးစဉ်ဆက် စုန်းမပဲ၊



နင် အပျိုအရွယ်၊ နင့်အမေတောင်

ငါတို့ ငါးယောက်ကို ဒီသချိုင်းက

မဖယ်ရှားနိုင်ခဲ့ဘူး၊

ဒါ့ကြောင့် ... နင့်ကို ငါတို့

သတိပေးတယ်၊ ဘယ်အကြောင်းနဲ့မှ

ငါတို့ ဒီသချိုင်းမြေက ဖယ်မပေးနိုင်ဘူးကွ

... ဟား ဟား ဟား ဟား"

မကောင်းဆိုးဝါး သဘက်ကြီးတွေရဲ့အသံကြောင့် ခေါ်အိုစာဟာ အကြီးအကျယ် မျက်နှာပျက်သွားတယ်။

ဒီအချိန်မှာပဲ ရုတ်ခြည်းဆိုသလို မကောင်းဆိုးဝါးတွေသည်း ပျောက်ကွယ်သွားတော့တယ်။

ခေါ်အိုစာက မျက်နှာမသာမယာနဲ့ လှည်းသမားတွေကို အရှက်ပြလိုက်တယ်။

လှည်းသမားတွေလည်း ကြောက်ကြောက်နဲ့ပဲ နွားကို ကြိမ်တို့ရင်း ခေါ်အိုစာနောက် လိုက်သွားကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးသက်ညိုဟာ ဒေါ်အိုစာကို မေးစရာရှိပေမယ့် မမေးရဲတဲ့အတွက် နှုတ်ဆိတ်လိုက်ပါသွားရှာတယ်။

"သက်ညို ... နင် ငါ့ကို
မေးစရာရှိနေတယ် မဟုတ်လား၊
ဘာမေးချင်သလဲ"

သူ့စိတ်ထဲဖြစ်နေတာကို ဒေါ်အိုစာက တဲ့တိုးကြီး မေးချလိုက်တဲ့အတွက် သူကြီးသက်ညို ဆတ်ခနဲ တုန်သွားတယ်။

"ဟုတ် ... ဟုတ်တော့ ဟုတ်ပါတယ်
ဘွားလေး၊ ကျုပ် သိချင်နေတာက
ခုနက ကိစ္စကိုပါ၊
ကျုပ် အမေးမှားခဲ့ရင်
စိတ်မရှိပါနဲ့နော် ဘွားလေး"

ဒေါ်အိုစာက သူ့အပြောကြောင့် မဲ့ပြုံးပြုံးရင်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်တယ်။

"မေးသင့်တဲ့ မေးခွန်းပါ သက်ညို၊



နင်တို့ တစ်ရွာလုံးက ငါ့ကို
စုန်းမကြီးဆိုပြီး ကြောက်ရွံ့ရှိသေနေကြတယ်၊
ဒီလိုပဲ မကောင်းဆိုးဝါးအများစုဟာလည်း
ငါ့ရဲ့အာဏာစက်ကို ဘယ်သူမှ
လွန်ဆန်လို့မရဘူး၊ ဒီအတိုင်းပါပဲ ...
ငါ့အမေ မလုပ်နိုင်တဲ့ အကြောင်းအရာကို
ငါ ဘယ်တော့မှ လုပ်နိုင်မှာမဟုတ်ဘူး၊
ငါ အသက်ရှုခြင်းကြည့်ပြီးပြီ သက်ညို၊
မကောင်းဆိုးဝါးသဘက်ကြီးတွေက
သိပ်ဝါရင့်နေကြပြီ၊ စိတ်မကောင်းပေမယ့် ...
ငါ ဒီထက်ပိုပြီး မတတ်နိုင်တော့ဘူး၊
ဒါပါပဲ"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

## နောက်တစ်နေ့မှာတော့ . . .

မြေပိုင်ရှင် မောင်တရုတ်ဟာ ၎င်းရဲ့လူတွေခေါ်ပြီး သချိုင်းမြေမှာ စတင် တူးဆွတော့တယ်။

ပန်းရံအလုပ်သမားတွေဟာ ညနေစောင်းအချိန်ထိ ရှေး

www.burmeseclassic.com

www.burmeseclassic.com



တလုံးလုံးနဲ့ ဖောင်ဒေးရှင်းအတွက် တူးဆွကြကုန်တယ်။

ညနေငါးနာရီအချိန်မှာတော့ 'အား' ...ခနဲ အော်ဟစ်လိုက်တဲ့ အသံနက်ကြီးကို အိုးဘိုတစ်ရွာလုံး အထင်အရှား ကြားလိုက်ရတယ်။

သူကြီးနဲ့ရွာသားတွေဟာ ထိုနေရာဆီ အပြေးသွားကြည့်ချိန်မှာတော့ ပါးစပ်က အမြှုပ်တစီစီထွက်နေတဲ့ အလုပ်သမားတစ်ဦးကို တွေ့လိုက်ကြတယ်။

"လုပ်ကြပါဦးဗျ ... သူ ... သူ့ကို

မြွေပေါက်သွားပြီ"

အလုပ်သမားတွေရဲ့ တစ်ယောက်တစ်ပေါက် အော်ဟစ်သံကြောင့်ရွာသားတွေဟာ နီးစပ်ရာ ဝါးရင်းတုတ်ကို ဆွဲရင်း

"ဘယ်မှာလဲ ပေါက်တဲ့မြွေ၊

အသေရိုက်သတ်မှဖြစ်မယ်၊

ဘယ်မလဲ"

လို့ ဝိုင်းဝန်းမေးမြန်းကြတယ်။



"မ ... မသိဘူးဗျ၊

ဟိုဘက်တော့ ထွက်သွားတာပဲ"

"ဟာဗျာ ... မြွေမြင်လျက်နဲ့

ခင်ဗျားတို့ တစ်ခါတည်း

ရိုက်သတ်ပစ်ပါလား၊

ဒုက္ခပါပဲ"

ရွာသားတွေရဲ့ မချိတင်ကဲစကားကို အလုပ်သမားတစ်ဦးက ...

"အာ ... မသတ်ရဲပါဘူးဗျာ၊

မြွေဟောက်ကြီးဗျ ... ကြောက်တယ်"

လို့ ဝင်ပြောလိုက်တယ်။

"ကြည့်ကြပါဦး ... သူ

အသက်မရှူတော့ဘူး၊

ဘယ်လိုလုပ်ကြမလဲ"

မြွေပေါက်ခံရသူကို ထွေးပွေ့ထားတဲ့ အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် ရွာသားတွေဟာ ထိုလူကို ဝိုင်းအုံကြည့်ရှုကြကုန်တယ်။

"ဟုတ်တယ်ဟ ... သူ သေသွားပြီ"

"ဟာ ... ဒါဆို ဘယ်ဖြစ်မလဲကွ၊

သူ့ဒွေးကို အကြောင်းကြားမှဖြစ်မယ်"

ရွာသားတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ...

"အင်း ... ဒီနေရာရဲ့ဇာတ်လမ်းတော့

ပြီးထင်တယ်ကွာ၊

ဒီနေ့ပဲ မြေတူးတယ်၊

ဒီနေ့ပဲ လူသေရတယ်လို့၊

နိမိတ်မကောင်းလိုက်တာ"

"တိုက်ဆိုင်မှုလည်း ဖြစ်မှာပါကွာ၊

ဒေါ်အိုစာကိုယ်တိုင် ဝိညာဉ်တွေကို

နေရာရွှေ့ပြီးပြီပဲ၊



ဘာမှမဖြစ်လောက်ပါဘူးကွ"

"မင်းကလည်းကွာ ... လူညီးသမားတွေ

ပြောတာ မကြားဘူးလား၊

အဲဒီညက သင်္ချိုင်းက

ဝိညာဉ်တွေရွှေ့ချိန်မှာ

မကောင်းဆိုးဝါးတွေနဲ့ ဒေါ်အိုစာကြီး

စကားပြောတယ်ဆိုပဲကွ၊

သင်္ချိုင်းသစ်ကို မလိုက်တဲ့

ဝိညာဉ်တွေ ရှိတယ်လေ၊

ငါ့အထင်တော့ ဒီလူသေတာဟာ

သရဲတွေ လက်ချက်ပဲ

ဖြစ်ရမယ်ကွ"

ရွာသားတွေ ထိုသို့ပြောနေချိန်မှာပဲ မြေပိုင်ရှင်တရုတ်ရောက်ရှိလာတယ်။

မြေပိုင်ရှင်တရုတ်ဟာ အုံခဲနေတဲ့လူတွေကို ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ကိုယ့်အလုပ်ကိုယ်

ဆက်လုပ်ကြစမ်းပါ၊

မြေပေါက်ခံရလို့ သေတဲ့လူလည်း

သေပြီ၊ အချိန်ကုန်မခံနဲ့ ...

သွားကြ ... သွားကြ"

လို့ ပြောဆိုရင်း ၎င်းရဲ့မန်နေဂျာဘက်လှည့်ကာ ...

"သူ့မိသားစုဆီ အကြောင်းကြားလိုက်၊

ထိုက်သင့်တဲ့ လျော်ကြေးပေးပြီး

အသုဘကိစ္စ စီစဉ်ပေးလိုက် ... ကြားလား"

မြေပိုင်ရှင်တရုတ်ဟာ ထိုသို့ပြောဆိုပြီး အလောင်းကို တစ်ချက်မှ မကြည့်ဘဲ ထွက်သွားတော့တယ်။

ရွာသားတွေဟာ မြေပိုင်ရှင်ရဲ့လုပ်ရပ်ကြောင့် ရှုံ့ရှာစက်ဆုပ်ဟန်နဲ့ ...

"ရှိုင်းလိုက်တဲ့ သူဌေးကွာ၊

လူတစ်ယောက်လုံး သေတာကို



ပုရွက်ဆိတ်သေတာလောက်ပဲ

သဘောထားတယ်၊

လူမဆန်တဲ့ကောင်ပဲ"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

**သချိုင်းမြေမှာ** ဟိုတယ်ဆောက်ဖို့ မြေတူးတဲ့ ဒုတိယနေ့ ...

မြေတူးစက်ကြီးတွေနဲ့အတူ အလုပ်သမားတွေအားလုံး အလုပ်များနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတချို့က မြေကြီးတွေကို တောင်းတွေနဲ့ ချုံးထည့်နေကြတယ်။

"ဟော့ကောင် ... ကြည့်စမ်းပါဦးကွ၊

မြေကြီးတွေထဲမှာ အရိုးတွေလည်း

ပါတယ်ကွ၊

ရွံစရာကြီးကွာ"

မြေသယ်အလုပ်သမားရဲ့အပြောကို ကျန်တစ်ယောက်က

"ဟ ... ဒါက သချိုင်းကုန်းကြီးလေ၊

အရိုးတွေ့တာ ဘာထူးဆန်းလို့လဲ၊

ပိုက်ဆံရှိတဲ့ လူတွေများကွာ

သချိုင်းတောင် အလွတ်မပေးဘူး၊

ဒီနေရာမှာ ဟိုတယ်ကြီးဆောက်ပစ်မှာတဲ့၊

ငါသာ ပိုက်ဆံရှိရင် ဒီဟိုတယ်မှာ

ဘယ်တော့မှ မတည်းဘူး၊

ကြောက်စရာကြီးကွ"



လို့ ပြောလိုက်တယ်။

မြေတူးရာနဲ့ မလှမ်းမကမ်းမှာတော့ အလုပ်သမားတစ်စု ဟာ ညောင်ပင်ကြီးကို ခုတ်လှဲဖို့ ကြိုးစားနေကြတယ်။

ဒီအချိန်မှာပဲ ညောင်ပင်ကြီးဟာ 'ဝုန်း' ခနဲ ပြိုကျသံ ကြားလိုက်ရသလို 'အား' ... ခနဲ အော်ဟစ်လိုက်တဲ့ အသံကြီးကို ပါ ကြားလိုက်ရတယ်။

အလုပ်သမားအားလုံး လန့်ဖျပ်ပြီး ညောင်ပင်ကြီးရှိရာ တဝုန်းဝုန်း ပြေးလာကြကုန်တယ်။

"ကယ်ကြပါ ... ပိနေပြီဗျ၊

ကျုပ်တို့ကို အမြန်ဆွဲထုတ်ပေးပါ၊

နာတယ် ... နာတယ်"

ညောင်ပင်ကြီးအောက်မှာ ပိနေတဲ့ အလုပ်သမားငါး ယောက်။

ကျန်လူတွေက ရှိသမျှအားကုန်သုံးပြီး လဲနေတဲ့ ညောင် ပင်ကြီးကို တွန်းရွှေ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … သွေးတွေနဲ့ကွ၊
ဒဏ်ရာတွေရကုန်ပြီ၊
လာကူကြပါဦးဟေ့"

အလုပ်သမားကြီးတစ်ယောက်ရဲ့အော်သံကြောင့် ကျန်လူတွေက ညောင်ပင်ပိနေတဲ့ လူတွေကို ဆွဲထုတ်ကြတယ်။

"ဟာ … ဒီလူ့ခေါင်းမှာ သွေးတွေ
အများကြီး ထွက်နေပါလား၊
မဖြစ်ဘူးကွ၊ ဆေးရုံပို့မှ ရလိမ့်မယ်"

ညောင်ပင်ပိသူ ငါးဦးမှာ တစ်ယောက်က အခြေအနေ အရမ်းဆိုးနေတဲ့အတွက် ထော်လာဂျီတစ်စီး အမြန်စီစဉ်ပြီး တိုက်နယ်ဆေးရုံပို့ဖို့ ပြင်လိုက်ကြတယ်။

"မင်းတို့ကွာ … အပင်ခုတ်တာ
သတိထားမှပေါ့ကွ၊
ခုတော့ မဖြစ်သင့်တာတွေ
ဖြစ်ကုန်ပြီ"



"ကျုပ်တို့ သတိထားပါတယ် …
အလုပ်သမားခေါင်းရယ်၊
ထူးဆန်းတယ်ဗျ … ကျုပ်တို့ ခွက်တာက
ညောင်ပင်ကြီးက ညာဘက်ကိုလဲရမှာ၊
ဘယ်ဘက်လဲသွားတော့ လူတွေထိကုန်တာပေါ့၊
တကယ်မရည်ရွယ်ပါဘူးဗျာ၊
သူတို့အတွက်လည်း စိတ်မကောင်းဘူး"

ညောင်ပင်ပိတဲ့အတွက် အလုပ်သမားလေးဦး ဒဏ်ရာရပြီး တစ်ဦးဆေးရုံပို့ရတဲ့သတင်းက ခဏချင်းဆိုသလို အိုးဘိုတစ်ရွာလုံး ပျံ့နှံ့သွားတယ်။

ဒီသတင်းဟာ သူကြီးသက်နောင်ရဲ့နားပေါက်သွားတဲ့ အခါ …

"အင်း … သချိုင်းဟောင်းရဲ့မြေကတော့
တစ်နေ့တစ်မျိုး အကြောင်းပေါ်နေပြီ၊
ဒါမျိုးဖြစ်မှာစိုးလို့ လုပ်သင့်တာလည်း

www.burmeseclassic.com

www.burmeseclassic.com


လုပ်ပေးခဲ့ပြီးပြီ၊

ငွေကလွဲရင် ဘာမှလက်မခံတဲ့

မြေရှင်သူဌေးလေးနဲ့ သချိုင်းဟောင်းဟာ

ဒီထက်ဆိုးရွားတဲ့အကြောင်းတွေ

မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မယ်”

❐❐❐

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါအကြောင်းအရာများ ဖြစ်ပွားပြီး (၂) နှစ်ခန့်ကြာသောအခါ

**အဝေးပြေးလမ်းမကြီးပေါ်** ဗင်ကားအဖြူလေး တစ်စီးဟာ တရိပ်ရိပ်ပြေးလွှားနေတယ်။

အချိန်က ညဆယ့်တစ်နာရီကျော်နေသလို ကားအတွင်းမှာတော့ စုံတွဲတစ်တွဲ ပါလာတယ်။



ကောင်မလေးက ကားမောင်းနေတဲ့ လူကြီးရဲ့ပခုံးကို လှမ်းမှီလိုက်ရင်း …

"ကိုကို … မီး အရမ်းပင်ပန်းနေပြီ ကိုကိုရဲ့၊
အိပ်လည်း အရမ်းအိပ်ချင်နေတယ် …
သိလား"

လို့ မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်တယ်။

ကိုကိုဆိုတဲ့လူက ကောင်မလေးရဲ့ခေါင်းကို ပွတ်သပ်လိုက်ရင်း …

"မီးရယ် … ဒီခရီးက ကိုကိုတို့ရဲ့
ဟန်းနီးမွန်းခရီးလေကွာ၊
ကဲ ကဲ … မီး အရမ်းပင်ပန်းနေလည်း
အိပ်လိုက် … ဟုတ်လား"

လို့ ပြောလိုက်တဲ့အခါ ကောင်မလေးက …

"အာ … ကိုကိုကလည်း
မီးက ကားပေါ်မှာ မအိပ်တတ်ဘူးလေ၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကောင်းကောင်းတစ်ခုမှာပဲ

နားချင်တာ ... နော် ကိုကို"

"အင်းပါ မီးရယ်၊

ကိုကို ဟိုတယ်ရှာကြည့်ပါဦးမယ်၊

ခဏလေး သည်းခံနော်"

လူကြီးက ကားမောင်းနေရာက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ရင်း ရှာဖွေနေလိုက်တယ်။

"ဟာ ... မီးရေ ...

မီးတော့ ကံကောင်းတာပဲကွ၊

ဟိုမှာကြည့်စမ်း ... ဟိုတယ်တွေ့ပြီကွ"

လူကြီးရဲ့အပြောကြောင့် ကောင်မလေးက မေးနေတဲ့ မျက်လုံးကို အတင်းဖြဲပြီး ကြည့်လိုက်တယ်။

မီးရောင်စုံတွေနဲ့ ဟိုတယ်ဆိုင်းဘုတ်တစ်ခု ...

"အင် ... နတ်မင်းဘုံဟိုတယ်ဆိုပါလား၊

နာမည်ကတော့ အပျံစားပဲ ကိုကိုရဲ့၊



မီးတို့ ဒီမှာ ဝင်နားရင်ကောင်းမယ်၊

ကိုကိုလည်း တစ်လျှောက်လုံး

ကားမောင်းရတာ ပင်ပန်းနေပြီနော်"

ကောင်မလေးရဲ့စကားကို လူကြီးက ပြုံးပြုံးကြီးနဲ့ ...

"သိပ်ဟုတ်တာပေါ့ မီးရယ်၊

ကိုကိုလည်း သိပ်ပင်ပန်းနေပြီ၊

နတ်မင်းဘုံဟိုတယ်မှာ ဝင်နားပြီး

တဝကြီးကို အနားယူပစ်လိုက်မယ် ...

ဟဲ ဟဲ"

လို့ ပြောလိုက်တော့တယ်။

လူကြီးက ပြောဆိုရင်း ဟိုတယ်ထဲ ကားကို ချိုးကွေ့ဝင်လိုက်တယ်။

ပါကင်မှာ ကားရပ်ပြီး ဟိုတယ်ရဲ့ဧည့်ကြိုကောင်တာဆီ လျှောက်သွားတယ်။

"ကျုပ်တို့ နှစ်ယောက်ခန်းတစ်ခန်း

www.burmeseclassic.com



လိုချင်တယ်၊ ရနိုင်မလား”

လူကြီးရဲ့စကားကြောင့် ညှော်ကြိုကောင်တာကမှ မိန်းက လေးက ညှော်မှတ်တမ်းစာအုပ်ကို လှန်လိုက်ရင်း ...

“ရပါတယ်ရှင် ... လူကြီးမင်းတို့အခန်းက

၁၀၉ ပါ၊ မှတ်ပုံတင်ပေးခဲ့ပြီး

အနားယူလို့ ရပါပြီရှင်”

လို့ ပြန်ပြောလာတယ်။

ကြင်စဦး ဖနီးမောင်နှံနှစ်ဦးက အခန်းသော့ကို ယူရင်း ပျော်ရွှင်စွာ အခန်း ၁၀၉ ကို သွားကြတော့တယ်။

အခန်းထဲရောက်တဲ့အခါမှာတော့ ...

“အားပါး ... ကြည့်စမ်းပါဦး မီးမီးရယ်၊

အဲကွန်းကလည်း အေးစိမ့်နေတာပဲ၊

အခန်းအနေအထားကလည်း ...

ရန်ကုန်မြို့ပေါ်က နာမည်ကြီး

ဟိုတယ်ကြီးတွေလိုပဲကွ၊



ဈေးကလည်း သက်သာနေတော့

ဒီမှာ တည်းရတာ တန်ပါတယ်”

“ဟုတ်တယ်နော် ကိုကို၊

ဖဆက်လတီအားလုံးက ...

ရန်ကုန်ဟိုတယ်တွေအတိုင်းပဲ၊

မီးတော့ ပင်ပန်းသမျှ အတိုးချပြီး

နားပစ်လိုက်မယ်၊

အိပ်ပြီ ကိုကိုရေ”

မီးဆိုတဲ့ မိန်းကလေးက နှစ်ယောက်အိပ် မွေ့ရာကြီးပေါ် ခြေပစ်လက်ပစ်လှဲချရင်း အိပ်ပစ်လိုက်တယ်။

ကိုကိုဆိုတဲ့လူကြီးက မီနီရေခဲသေတ္တာလေးကို ဖွင့်လိုက် ရင်း ...

“အားပါး ... ငါ့အကြိုက် ဘီယာတဲဆိပ်မျိုးစုံ

ထည့်ထားပါလား၊

ဟာ ဟ ... မီးလည်း အိပ်ပြီဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘီယာတွေ တစ်ဝကြီးသောက်ပြီးမှ

အိပ်ပစ်မယ်ကွ”

လို့ ကြုံးဝါးလိုက်တော့တယ်။

လူကြီးဟာ နှစ်နာရီခွဲအချိန်အထိ ဘီယာဘူးတွေကို

စိမ်ပြေနပြေ ထိုင်သောက်နေတယ်။

သုံးနာရီထိုးခါနီးမှာတော့ အယ်ကိုဟောအရှိန်ကြောင့်

မျက်ခွံတွေ လေးလံလာတယ်။

ဒါ့ကြောင့် ထိုင်ရာက ထရင်း ဒယီးဒယိုင်ခြေလှမ်းနဲ့

အိပ်ရာရှိရာ လျှောက်သွားလိုက်တယ်။

‘ဒေါက် ... ဒေါက် ... ဒေါက်’

‘ဒေါက် ... ဒေါက် ... ဒေါက်’

ရုတ်တရက် ထွက်ပေါ်လာတဲ့ တံခါးခေါက်သံကြောင့်

လူကြီးရဲ့ခေါင်း ထောင်သွားတယ်။

“အာ ... ဒီအချိန်ကြီး ဘယ်သူလဲကွာ၊

စိတ်ပျက်ဖို့ကောင်းလိုက်တာ”



ဒယီးဒယိုင်ခြေလှမ်းနဲ့ပဲ တံခါးပေါက်ရှိရာ လျှောက်

သွားတယ်။

‘ဒေါက် ... ဒေါက် ... ဒေါက်’

“အင် ... တံခါးခေါက်သံက ကြားရပြန်ပြီ၊

ဒါပေမဲ့ ... ဒီအပေါက်က အသံမဟုတ်ပါလား၊

ဒါဆို ဘယ်ကလဲကွ”

လူကြီးက အခန်းတစ်ခုလုံး မျက်လုံးဝေ့ကြည့်မိတယ်။

‘ဒေါက် ... ဒေါက် ...’

ထပ်ကြားလိုက်တဲ့အသံကြောင့် ၄င်းဟာ အိပ်ရာနံဘေး

ရှိ ဝရန်တာတံခါးဆီ လျှောက်သွားတယ်။

“ဟာ ဟ ... တွေ့ပြီကွ၊

လက်စသတ်တော့ ...

အသံက ဒီတံခါးကကိုး၊

ကဲ ... ဖွင့်ပြီကွာ၊

လာစမ်း ...ဘယ်သူလဲကွ”

www.burmeseclassic.com

www.burmeseclassic.com



လူကြီးက မူးမူးနဲ့ပြောရင်း တံခါးကို ဆတ်ခနဲ ဆွဲဖွင့်ပိုက်တယ်။

သူ မျက်လုံးအစုံ ပြူးကျယ်မတတ် အံ့အားသင့်သွားတယ်။

"ဟ ... ဘယ်သူမှမရှိပါလား၊
မဟုတ်သေးပါဘူး၊ ငါကိုယ်တိုင်
အကြိမ်ကြိမ် နားနဲ့ကြားလိုက်ရပါတယ်၊
ဟိုတယ်ထဲမှာ သူခိုးဝင်နေသလား"

သူဟာ တံခါးဝကနေ ဝရန်တာရှိရာ လျှောက်သွားတယ်။

'ဂီး ... ဂီး ... ဂီး'

"အရေးထဲ ငှက်ဆိုးကလည်း ထိုးသေး၊
မိုးလည်း လင်းတော့မယ်၊
ငါ အိပ်မှဖြစ်မယ်၊
မနက် ကားမောင်းရဦးမှာ"



လူကြီးကတစ်ယောက်တည်း ထိုသို့ရေရွတ်ရင်း အခန်းထဲ ပြန်ဝင်ဖို့ ဝရန်တာကို ကျောခိုင်းလိုက်တယ်။

ဒီအခါမှာပဲ ၎င်းရဲ့နောက် တစ်ယောက်ယောက်ရှိနေသလို ခံစားလိုက်ရတယ်။

ဒါ့ကြောင့် နောက်ကို အသာစောင်းငဲ့ကြည့်မိလိုက်တယ်။

"အား ... အမယ်လေး၊
ခေါင်းပြတ်ကြီး ... သရဲ ... သရဲ"

ထိုလူကြီးရဲ့အော်ဟစ်သံကြောင့် ... သူ့ကောင်မလေးရော ဟိုတယ်မန်နေဂျာနဲ့ ဝန်ထမ်းတွေ ထိတ်လန့်သွားကြတယ်။

"ကိုကို ... ကိုကို ... ဘာဖြစ်လို့လဲ"

ကောင်မလေးက လူကြီးကို အခန်းထဲ ဆွဲသွင်းရင်း စိုးရိမ်တကြီး မေးလိုက်သလို ...

"လူကြီးမင်းတို့ ... လူကြီးမင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာများဖြစ်ပါသလဲ ခင်ဗျ"

အပြင်က အသံကြောင့် ကောင်မလေးက ဝင်ခဲ့ဖို့ လှမ်းပြောလိုက်တယ်။

လူကြီးက ရေတစ်ခွက်ကို အငမ်းမရ မော့သောက်လိုက်ရင်း ...

"မီး ... အထုပ်တွေပြင်တော့၊

သွားကြမယ်"

လို့ ပြောလိုက်တယ်။

"ဘာများအဆင်မပြေတာ

ရှိပါသလဲ၊ ကျွန်တော်တို့

ဘာလုပ်ပေးရမလဲခင်ဗျ"

ခန်နေကျာရဲ့စကားကို လူကြီးက ကတုန်ကယင်ဟန်နဲ့ လက်ကာပြပြီး ...

"မလိုဘူး၊ ကျုပ်တို့ကို ချက်အောက်လုပ်ပေး၊

ဒါပဲ၊ ခင်ဗျားတို့ ဟိုတယ်မှာ သရဲရှိတယ်၊



ခေါင်းပြတ်ကြီး သွေးတရဲရဲနဲ့

မျက်လုံးပြူးပြီး ကြည့်နေတာ

အထုပ်တွေ ကားထဲပို့ပေး၊

လာ ... မီး ... သွားကြမယ်"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

**လိုအပြစ်အပျက်ပြစ်ပြီး** (၃) ရက်အကြာ ...

နတ်မင်းဘုံဟိုတယ်ရဲ့ သန့်ရှင်းရေးဝန်ထမ်း လှလှတင်

ယောက် သူမရဲ့ဂျူတီချိန်မို့ ထမင်းချိုင့်လေးဆွဲရင်း ဟိုတယ်ထဲ

ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ လုလု … ဒီကိုခဏလာပါဦး"

အသံကြောင့် လှည့်ကြည့်လိုက်တော့ ဟိုတယ်ရဲ့မန်နေ

ဂျာကြီးကို ကောင်တာနားမှာ တွေ့လိုက်ရတယ်။

"ဟုတ်ကဲ့ … ပြောပါ ဂျာကြီး"

"တခြားမဟုတ်ဘူး၊

နင်က သန့်ရှင်းရေးဝန်ထမ်းခေါင်းဆောင်

မဟုတ်လား၊ အမှိုက်တွေကို

ဒီနေ့ကစပြီး ပုံစံပြောင်း စွန့်ပစ်ရမယ်၊

အမှိုက်အားလုံး အစို၊ အခြောက်ခွဲပါ၊

အိယာဘူးတို့၊ ပုလင်းခွံတို့ကိုလည်း

သူ့ဟာနဲ့သူ ခွဲရမယ်၊ ပြီးရင် …

အမှိုက်ခြောက်တွေကို ဟိုတယ်ရဲ့အနောက်ဘက်မှာ

မီးရှို့ပစ်ရမယ် … ကြားလား"

မန်နေဂျာကြီးရဲ့အမိန့်ကြောင့် သူမ ခေါင်းညိတ်လိုက်

တယ်။



"ဟုတ်ကဲ့ပါ ဂျာကြီး … ကျွန်မ

သေသေချာချာ လုပ်လိုက်ပါ့မယ်"

လုလုက ထိုသို့ပြောပြီး ဟိုတယ်အနောက်ရှိ အမှိုက်ပုံး

တွေရှိရာ လျှောက်သွားတယ်။

ဟိုတယ်မှာက သန့်ရှင်းရေးအလုပ်သမား ခုနစ်ယောက်

ရှိတယ်။

သူက သန့်ရှင်းရေးဝန်ထမ်းခေါင်းဆောင်။

ဒါ့ကြောင့် ဝန်ထမ်းသုံးယောက်ကိုခေါ်ပြီး လက်အိတ်

ကိုယ်စီနဲ့ အမှိုက်တွေကို စရှင်းတော့တယ်။

အားလုံးရှင်းပြီးတဲ့အခါ …

"မြမောင်နဲ့အေးသန်းက … ပုလင်းခွံတွေကို

ပီနံအိတ်ထဲ ထည့်ကြ၊ နေ့လယ်ကျရင်

ဘော်တယ်ကုလား လာလိမ့်မယ်၊

မိစမ်းက ငါနဲ့လိုက်ခဲ့၊

ခြံအနောက်သွားပြီး အမှိုက်ခြောက်တွေ

www.burmeseclassic.com

www.burmeseclassic.com



မီးရှို့ရမယ်”

လှလှက ထိုသို့စေခိုင်းရင်း မိမိကိုယ်တိုင် မိစမ်းနဲ့အတူ အမှိုက်ခြောက်အိတ်မပြီး ခြံနောက်ဆီ လျှောက်သွားတယ်။

ခြံအနောက်ပိုင်းရှိ မြေတလင်းရောက်တဲ့အခါ …

“မိစမ်းရေ … ငါ မေ့ခဲ့ပြန်ပြီ၊

သွား … မီးခြစ်ယူခဲ့ချေ”

သူမ မိစမ်းကိုပြောပြီး အမှိုက်ခြောက်အိတ်ကို သွန်ချလိုက်တယ်။

ဒီအချိန်မှာပဲ သူမရဲ့နှာခေါင်းထဲ အနံ့ဆိုးကြီးကို ရှူရှိုက်လိုက်မိတယ်။

“ဟင် … ဘာအနံ့ကြီးလဲ၊

ပုပ်စော်နံလိုက်တာ၊

ဘယ်ကဝါလိမ့် … မဖြစ်ဘူး၊

ဒီအနံ့ကို ရအောင်ရှာရမယ်၊

ဟိုတယ်ထဲထိရောက်သွားရင်



ညည့်သည်တွေနဲ့ ပြဿနာ

တက်လိမ့်မယ်”

လှလှဟာ အတွေးနဲ့အတူ အပုပ်နံ့လာရာကို ရှာဖွေမိတယ်။

အပုပ်နံ့ကြီးက ပိုပိုဆိုးလာသလို မခံနိုင်လောက်အောင် ဖြစ်တဲ့အတူ သူမဟာ နှာခေါင်းကို လက်နဲ့အုပ်ထားရတယ်။

“အလို … ဟိုရှေ့မှာ လူတစ်ယောက်

ထိုင်ပြီး ဘာလုပ်နေပါလိမ့်၊

ကြည့်ရတာ အဘိုးကြီးတစ်ယောက်ပဲ၊

သူ ဘယ်သူလဲ သိရအောင်

ငါ သွားကြည့်ရမယ်”

အတွေးနဲ့အတူ ထိုအဘိုးကြီးရှိရာ ချဉ်းကပ်သွားတယ်။

အပုပ်နံ့ကြီးဟာ ပိုဆိုးလာသလို … မခံနိုင်အောင် ဖြစ်လာတဲ့အတွက် သူမဟာ ပျို့ချင် အန်ချင်သလိုကြီး ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဟာ သူမကို ကျောပေးထိုင်ရင်း တလှုပ်လှုပ် လုပ်နေတယ်။

အဘိုးကြီးရဲ့ လက်တစ်ကမ်းအလိုရောက်တော့ ...

"ဒီမယ် ဦးလေးကြီး ...

ရှင် ကျွန်မတို့ဟိုတယ်ဝင်းထဲ

ဘာလာလုပ်တာလဲ၊

ရှင် ဘယ်သူလဲ"

ဆွတ်ဆွတ်ဖြူနေတဲ့ ဆံပင်တွေနဲ့ အဘိုးကြီးရဲ့ခေါင်းက သူမဘက် လှည့်လာတယ်။

အဘိုးကြီးက လက်တစ်ဖက်ကို မြှောက်ရင်း ...

"စားပါဦးလား"

လို့ ပြောသံနဲ့အတူ သူမ မျက်လုံးအစုံ ပြူးကျယ်သွားတော့တယ်။

အဘိုးကြီးဟာ မစင်တွေကို မြိန်ရေရှက်ရေ စားနေသလို မျက်နှာမှာလည်း လောက်ကောင်တွေက အပြည့်။



လှလှတစ်ယောက် 'အမယ်လေး' ဆိုတဲ့ အော်သံကြီးနဲ့ အတူ ထိုနေရာမှာပဲ မေ့မြောကျသွားရှာတယ်။

မီးခြစ်ယူပြီးလာတဲ့ မိစမ်းက အဝေးကနေ လှလှကို မြင်သွားပြီး ...

"လာကြပါဦးတော့ ...

အစ်မလှ လဲကျနေတယ်၊ လာကြပါဦး"

လို့ အသံကုန် အော်ဟစ်လိုက်တယ်။

"လှလှ လဲကျတယ် ... ဟုတ်လား၊

ဘာဖြစ်လို့လဲ"

မန်နေဂျာကြီးနဲ့ဝန်ထမ်းတချို့ ပြေးလွှားလာရင်း မေးကုန်ကြတယ်။

"ဟဲ့ လှလှ ... နင် ဘာဖြစ်တာလဲ၊

လုပ်ကြပါဟ ... သတိလစ်နေတာထင်တယ်၊

လာ ... လာ ... သူ့ကို ဟိုတယ်ထဲ

ခေါ်သွားမှဖြစ်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမ,ကြပါဟ"

ဟိုတယ်ဝန်ထမ်းတွေဟာ လှလှကို တစ်ဖက်တစ်ချက်စီ မ,ရင်း ခေါ်သွားကြတယ်။

ဟိုတယ်ရဲ့အခန်းလွတ်ရှိ အိပ်ရာပေါ်တင်ရင်း အဲယားကွန်းပြေးဖွင့်သူ၊ သံပရာသီးပေးရှူသူတွေနဲ့ ဗျာများကုန်ကြတယ်။

အတန်ကြာမှ လှလှဟာ အင်း ... ခနဲ အသံထွက်ပြီး သတိပြန်လည်လာတယ်။

"ကြောက်တယ် ... သရဲကြီး၊

စကောင်းဆိုးဝါးကြီး၊

ရှေးတွေထိုင်စားနေတယ်၊

မျက်နှာမှာလည်း လောက်ကောင်တွေနဲ့

တျှန်မ သိပ်ကြောက်တယ်၊

အီး ... ဟီး ... ဟီး"

လှလှရဲ့ကြောက်လန့်တကြီးအပြောကြောင့် လူအားလုံး



အံ့အားသင့်သွားကုန်တယ်။

မန်နေဂျာကြီးက ...

"ကဲ ... တစ်ယောက်သွားပြီး

ဘုရားခန်းက ရေမန်းပုလင်း ယူခဲ့၊

သူ့ကြည့်ရတာ သိပ်လန့်နေတယ်၊

တို့ဟိုတယ်လည်း ဘာဖြစ်မှန်းကို မသိဘူး၊

ဟိုနေ့ကလည်း ညှော်သည်က

ခေါင်းပြတ်သရဲတဲ့၊ ခုလည်း

လှလှက ချေးစားသရဲ ပြောပြန်ပြီ၊

မဖြစ်ဘူး ... ဒီအကြောင်းတွေ

သူဌေးကို ပြောမှဖြစ်မယ်"

လို့ စိတ်လက်မသာစွာ ရေရွတ်လိုက်တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

**နတ်မင်းဘုံဟိုတယ်က** ဝန်ထမ်းတွေရဲ့သတင်း ဖြန့်မှုကြောင့် ဟိုတယ်ကြီးက အဖြစ်အပျက်တွေကို အိုးဝိုင်ရွာသားတွေ သိသွားကြတယ်။

ရွာသားတွေဟာ သူကြီးသက်ညိုဆီ သွားပြောတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



"အင်း … တစ်ချိန်မှာ
ဒါတွေ ကြုံရမယ်လို့
ထင်မိတာ အမှန်ပါပဲလား၊
ငါဆိုတဲ့ သူကြီးကရော
ဒီကိစ္စတွေကို ဘာလုပ်ပေးနိုင်မှာလဲ၊
ဒါတွေအားလုံး လုပ်ပေးနိုင်တာ
ဓါတ်အိုးစာပဲ ရှိတယ်၊
ငါ သူနဲ့သွားတွေ့တာ
ကောင်းမယ်ထင်တယ်"
သူကြီးရဲ့စကားကို လူတချို့က …
"တကယ်ဆို သချိုင်းမြေဟောင်းက
ဟိုတယ်ကြီးကိစ္စဟာ ကျုပ်တို့
အိုးဘိုရွာနဲ့ မသက်ဆိုင်တော့ဘူး၊
ဟိုတယ်ပိုင်ရှင်သူဌေးရဲ့ ရိုင်းစိုင်း
မောက်မာမှုကို လွန်ခဲ့တဲ့နှစ်တွေတည်းက



ကျုပ်တို့ သိပြီးသား၊
ဒါပေမဲ့ … ခြောက်လှန့်ရှုံထက်ပိုတဲ့
အကြောင်းတွေ ဖြစ်လာရင်
ဟိုတယ်ကြီးမှာ ဘာမှမသိဘဲ
လာတည်းတဲ့ လူတွေအတွက်
လူသားချင်းစာနာစိတ်
ထားပေးရမယ်ဗျ၊
ဒါကြောင့် … ဓါတ်အိုးစာကြီးကို
သူကြီး လိုးဝသွားတွေ့သင့်တယ်"
လို့ ပြောကြကုန်တယ်။
သူကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း —
"ထိုင်နေတာ ကြာပါတယ်၊
ငါ အခုပဲ သူ့ဆီသွားမယ်၊
ဘယ်သူမှ မလိုက်ခဲ့နဲ့ …
ပြန်ကြတော့"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

ထို့နောက်မှာတော့ သူကြီးသက်ညိုတစ်ယောက် ဒေါ်အို စာခြံပိုင်းဘက် ခပ်သုတ်သုတ် လျှောက်သွားခဲ့တယ်။

ခြံပိုင်းရှေ့ရောက်တဲ့အခါ …

"ဘွားလေး အိုစာ …

ကျုပ် သူကြီးသက်ညိုပါ၊

ဝင်ခဲ့မယ်နော်"

လို့ အသံပြုပြီး ဝင်သွားလိုက်တယ်။

အိမ်ချေင်းကြီးပေါ်ရောက်တဲ့အခါ ကြေးကွမ်းအစ်ကြီး ရှေ့မှာရှင်း ကွမ်းသီးညှပ်နေတဲ့ ဒေါ်အိုစာကို တွေ့လိုက်ရ တယ်။

သူကြီးသက်ညိုက ငုင်းရှေ့ ဝင်ထိုင်လိုက်တယ်။

ဒေါ်အိုစာက ကွမ်းသီးညှပ်မပျက်။

"နင်လာတဲ့အကြောင်းက …

သချိုင်းဟောင်းနေရာကိစ္စမဟုတ်လား"



သူကြီးသက်ညို ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့် ရင်း …

"ဟုတ် … ဟုတ်ပါတယ် ဘွားလေး၊

ကျုပ်တို့နဲ့ ဘာမှမသက်ဆိုင်တော့ပေမယ့်

ဘာမှမသိတဲ့လူတွေ ဒီထက်ပိုပြီး

ဘေးတွေ့မှာ စိုးရိမ်နေမိတယ်"

ဒေါ်အိုစာက ကွမ်းတစ်ယာကိုယာပြီး ပါးစောင်ထဲ ထိုး ထည့်လိုက်တယ်။

"သချိုင်းဟောင်းက ဝိညာဉ်တွေ

ရွှေ့ပြောင်းစဉ်က အဲဒီမှာကျန်ခဲ့တဲ့

ဝါရင့်သဘက်ကြီးတွေ

ရှိနေခဲ့တယ်၊ ဒီအတွက် …

နှစ်နှစ်လုံး ငါ့ရဲ့ပညာ အဆင့်မြှင့်ဖို့

ငါ အများကြီး အားထုတ်ခဲ့ရတယ်၊

မကြာခင် ငါ့ရဲ့အောင်မြင်တွေ

www.burmeseclassic.com

www.burmeseclassic.com



အပြီးသတ် အောင်မြင်တော့မယ်၊

ပညာရပ်တွေ အထမြောက်မယ့်အချိန်က

မကြာခင်ရောက်လာတော့မယ့်

လကွယ်ညပဲ”

ဒေါ်အိုစာရဲ့စကားကြောင့် သူကြီးက ဝမ်းသာအားရဟန်

နဲ့ ...

“ကောင်းပါတယ် ဘွားလေး၊

ဘွားလေးရဲ့ကျင့်ကြံမှုတွေ

အထမြောက်ပြီးဆုံးသွားရင်

စီညာဉ်လောကအားလုံးကို

ဘွားလေးဟာ ထိန်းချုပ်နိုင်တော့မယ်၊

ဝမ်းသာတယ် ဘွားလေးရယ်”

လို့ ပြောလိုက်တဲ့အခါ ဒေါ်အိုစာက သူ့ကို မျက်လုံး

လှန်ကြည့်လိုက်တယ်။

“မဟုတ်သေးဘူး၊ နောက်ဆုံး



ထုံအဆင့်ကို ကျော်ဖြတ်ရမှာ၊

အရေးကြီးတဲ့အချက် ကျန်သေးတယ်”

“ဟုတ်ကဲ့ ... ပြောပါ ဘွားလေး၊

ဘယ်လိုမျိုး အရေးကြီးပါသလဲဗျ”

ဒေါ်အိုစာ ကွမ်းကို တစ်ချက်မှု ဝါးလိုက်ပြီး သူကြီးကို

လက်ညှိုးထိုး ပြောလိုက်တယ်။

“လာမယ့် ... လကွယ်ည

ဆယ့်နှစ်နာရီတိတိမှာ

ငါ နောက်ဆုံးအဆင့် ထုံကူးရမယ်၊

နင်လုပ်ပေးရမှာက ...

အဲဒီည, အဲဒီအချိန်မှာ

ရွာက လူတစ်ယောက်ကိုမှ

ခြံဝိုင်းအပြင် မထွက်မိစေဖို့ပဲ၊

သိပ်အရေးကြီးတယ် သကြီး၊

နင် လုပ်နိုင်မလား”

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဘွားလေးရဲ့ ...

ကျုပ် လုပ်နိုင်ပါတယ်၊

ဘွားလေး ထုံကူးတာ အောင်မြင်ရင်

သချိုင်းဟောင်းက သဘက်ကြီးတွေကို

နှင်ထုတ်နိုင်ပြီပေါ့နော်"

သူကြီးရဲ့အမေးကို ဒေါ်အိုစာက ခေါင်းခါယမ်းလိုက်တယ်။

"လုပ်နိုင်ပေမယ့် ... မလုပ်ပေးနိုင်သေးဘူး၊

သချိုင်းဟောင်းရဲ့ မြေပိုင်ရှင်ကိုယ်တိုင်

ငါ့ကို ပွဲနဲ့ပင့်ပြီး ခယယ

တောင်းပန်မှ လုပ်ပေးနိုင်မယ်၊

နှင် မြဲမြဲမှတ်ထား၊

နှင်ပြန်လို့ရပြီ ... သွားတော့"

□□□

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

“ဘာကြ ... မင်း ...
ဘာစကားပြောလိုက်သလဲ စိန်ဝင်း၊
မဖြစ်နိုင်တာတွေ လျှောက်မပြောနဲ့၊
အို ... ဖြစ်ခဲ့ရင်တောင်



ငါ လုံးဝလက်မခံဘူးကွ”

သူဌေးရဲ့ဒေါသတကြီး အော်ဟစ်သံကြောင့် မန်နေဂျာ စိန်ဝင်းအပြင် ဝန်ထမ်းတွေပါ လန့်ဖျပ်ကုန်တယ်။

“ဟုတ် ... ဟုတ်ပါတယ် သူဌေးရယ်၊
ဒီကိစ္စက သူဌေးလက်ခံနိုင်မယ့်ကိစ္စ
မဟုတ်ပါဘူး၊
ဒါပေမဲ့ ညှို့သည်ရော, ဒီကဝန်ထမ်းပါ၊
တကယ်ကို ခြောက်လှန့်ခံခဲ့ရပါတယ်၊
ဒါ့ကြောင့် ဘုန်းကြီးပင့်ပြီး ဟိုတယ်မှာ
ရွတ်ဖတ်ပေးပါလို့ တောင်းဆိုမိတာပါ
ခင်ဗျာ”

မန်နေဂျာစိန်ဝင်းရဲ့စကားကြောင့် သူဌေးတရုတ်ဟာ ပိုမိုစိတ်ဆိုးဟန်နဲ့ ...

“တော်စမ်း စိန်ဝင်း ...
ဘာတစ္ဆေသရဲကိုမှ ငါ လက်မခံဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်း လုပ်ခွင့်မပြုဘူးကွ၊
အေး ... ဒါမှ မကျေနပ်ရင်
အလုပ်ထွက်ကြ၊
ဒီကိစ္စ နောက် ဘယ်တော့မှ
ငါ့ကို မပြောမိစေနဲ့”
လို့ ပြောဆိုပြီး ဟိုတယ်ထဲက ထွက်သွားတော့တယ်။
“သူဌေးကကွာ ... လုံးဝအဓိပ္ပာယ်မရှိဘူး၊
သူ့လို လောဘကြီးပြီး ဘာအယူအဆမရှိတဲ့လူက
သေရင် ကျွတ်လွတ်မှာမဟုတ်ဘူး၊
ခင်းတို့အားလုံး ကြားကြတယ်မဟုတ်လား၊
သူ့ဟိုတယ်မှာ သရဲခြောက်တယ်လို့
ထပ်ပြောရင် အလုပ်ထုတ်ပစ်မယ်တဲ့၊
စိတ်ပျက်ဖို့ကောင်းလိုက်တာ”
မန်နေဂျာစိန်ဝင်းရဲ့ စိတ်ပျက်လက်ပျက် ညည်းညူသံ
ကြောင့် ဟောက်ကီပင်ဝန်ထမ်းတစ်ဦးက ...



“ရွာထဲက ကြားရတာတော့
ဒီဟိုတယ်ကြီးက ... သချိုင်းကို
ဖျက်ဆောက်ထားတာတဲ့ ဂျာကြီးရ၊
ရွာကလူတွေလည်း သူဌေးကို
မောက်မာလို့ ဘယ်သူမှ ကြည့်မရဘူး၊
ဟိုတယ်နေရာ သချိုင်းကြီးက
သိပ်သရဲခြောက်ကြမ်းတဲ့နေရာလို့
ရွာသားတွေက ပြောတယ်”
၎င်းတို့ စကားပြောနေစဉ်မှာပဲ ည့်ကြိုကောင်မလေး
တစ်ဦးဟာ အူယားဖားယား ပြေးလာပြီး ...
“ဂျာကြီး ... ဂျာကြီး၊
လုပ်ပါဦးရှင် ... ပြဿနာတော့
တက်နေပြီ၊
မသိတာ ... မသိတာ ...
ဟို ... ဟို ...”

www.burmeseclassic.com

www.burmeseclassic.com



သူမအပြောကြောင့် မန်နေဂျာကြီးက စိတ်မရှည်တော့ဘဲ ...

"ညည်း ... တဟိုဟိုနဲ့ ဘာဖြစ်နေတာလဲ၊
ဘယ်မှာလဲ သီတာ၊
ညည်းရှေ့က သွားစမ်း"

ညှိုကြိုကောင်မလေးဟာ အထိတ်တလန့်ဟန်နဲ့ ရှေ့က ပြေးလွှားသွားတယ်။

ဝန်ထမ်းသုံး အိမ်သာရှေ့ရောက်တော့ မန်နေဂျာရဲ့လူအားလုံး ရျက်လုံးပြူးသွားကုန်တယ်။

"မလုပ်နဲ့ သီတာ ... နင် ဘာဖြစ်နေတာလဲ၊
လွှတ်စမ်း နင့်လက်ကို"

သီတာက သူ့လည်ပင်း သူပြန်ညှစ်နေသလို ဝန်ထမ်းသုံးယောက်က သူမကို တားဆီးထိန်းချုပ်ဖို့ ကြိုးစားနေကြတယ်။

မန်နေဂျာကြီးကိုယ်တိုင် ထိုမြင်ကွင်းကြောင့် ဘာလုပ်



ရမှန်းမသိအောင် ဖြစ်နေရတယ်။

ဒီအချိန်မှာပဲ လှလှက ရောက်ရှိလာပြီး ...

"ဂျာကြီး ... သီတာ့ကို သရဲစီးနေတာ၊
ဒီမှာကြိုး ... လည်ပင်းက သူ့လက်ကို
ရအောင်ဖယ်ပြီး ကြိုးတုပ်ထားလိုက်"

ဝန်ထမ်းတွေဟာ မသီတာရဲ့လက်ကို မရမက ဆွဲဖယ်ရင်း ကြိုးတုပ်ဖို့ ကြိုးစားလိုက်တယ်။

မန်နေဂျာကြီးက သံဗုဒ္ဓေဂါထာရွတ်ရင်း ရေမန်းနဲ့ သူမကို ပက်ဖျန်းလိုက်တယ်။

မသီတာတစ်ယောက် အော်ဟစ်ရုန်းကန်နေရှာတယ်၊

"အား ... ပူတယ်၊ ငါ့ကို
ရေမွှေးနဲ့ မလောင်းပါနဲ့၊
ပူတယ် ... ပူတယ်၊
ဟီး ... ဟီး ... ဟီး"

"သီတာ ... သူငယ်ချင်း၊

www.burmeseclassic.com

www.burmeseclassic.com



သတိထားလေဟာ ... သီတာ ... သီတာ"

သူငယ်ချင်းတွေရဲ့လှုပ်ခေါ်သံကြောင့် မသီတာတစ်ယောက် ငြိမ်ကျသွားတယ်။

သူမ မျက်လုံးဖွင့်လာတဲ့အခါ ...

"ငါ ... ငါ့ကို လည်ပင်းညှစ်တဲ့ သရဲကြီး၊

ကြောက်တယ် ... သိပ်ကြောက်တယ်၊

ငါ ... ငါ ... သူ့လက်က

ရှုန်းလို့မရဘူး၊ ငါ့လည်ပင်းကို

တအားကြီး ညစ်ထားတယ်၊

ရေ ... ရေသောက်ချင်တယ်၊

ရေပေးပါ"

သီတာရဲ့ ကြောက်အားတကြီးအမူအရာကြောင့် မန်နေဂျာကြီးက ရေမန်းပုလင်းထဲက ရေကို ငှဲ့ပေးလိုက်တယ်။

ရေမန်းသောက်ပြီးတဲ့နောက် သီတာတစ်ယောက် ခုနက ထက် အတော့်ကို ငြိမ်သက်သွားတယ်။



သီတာက မန်နေဂျာကြီးကို မဝံ့မရဲ မော့ကြည့်ရင်း ...

"ဂျာကြီး ... သီတာ ပြောပါရစေ၊

သီ ... သီတာ ဒီဟိုတယ်မှာ

ဘယ်လိုမှ ဆက်မနေရဲတော့ဘူး၊

ဒါ့ကြောင့် အလုပ်နုတ်ထွက်ပါရစေ၊

ဇာတိဖြစ်တဲ့ မြစ်ဝကျွန်းပေါ်ကို

ပြန်ပြီး လုပ်ကိုင်စားပါရစေတော့ရှင်"

လို့ တောင်းဆိုလိုက်တော့တယ်။

သူမရဲ့စကားကြောင့် ဂျာကြီးတစ်ယောက် မျက်နှာပျက်သွားတယ်။

"အဲလောက်ထိ လုပ်ဖို့ လိုလို့လား

သီတာ၊ နင်က ငါတို့ဟိုတယ်ရဲ့

ဝန်ထမ်းကောင်းပါ၊

နင် စဉ်းစားပါဦးဟာ"

ဂျာကြီးရဲ့အပြောကို သူ ခေါင်းခါယမ်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... စဉ်းစားစရာမလိုဘူး ဂျာကြီးရဲ့၊

ကျွန်မ ဘာဖြစ်ခဲ့သလဲ၊

ဘယ်လောက်ထိ ကြောက်လန့်ခဲ့သလဲ၊

ကိုယ့်ဘာသာပဲ သိတယ်၊

ဟိုတယ်ပိုင်ရှင်သူဌေးက

သူ့အကျိုးအမြတ်ကလွဲရင်

ဘာမှစိတ်မဝင်စားဘူး၊

တကယ်ဆို ဂျာကြီးရယ် ...

အလုပ်သမားဆိုတာ သူဌေးက

လစာပေးခိုင်းထားပေမယ့်

သူဌေးနဲ့အလုပ်သမား အကျိုးတူ

လုပ်ဆောင်သူတွေပါ၊

နတ်မင်းဘုံဟိုတယ်ပိုင်ရှင်သူဌေးက ...

လူသားချင်း စာနာစိတ်မရှိဘူး၊

သူ့ဟိုတယ်ကလည်း မကောင်းဆိုးဝါးတွေပဲ



ကြီးစိုးနေတယ်၊ ဒါ့ကြောင့်

အလုပ်ထွက်ပြီ ... ဒါပဲ၊

ဒီတစ်ခါ ကျွန်မအလှည့်၊

ဂျာကြီးတို့အားလုံးရဲ့အလှည့်

ဘယ်နေ့ရောက်မလဲ

စောင့်သာကြည့်ကြ ... ကျွန်မ သွားပြီ"

မသီတာဟာ ထိုသို့ပြောဆိုရင်း ဘာပစ္စည်းမှမယူဘဲ နတ်မင်းဘုံဟိုတယ်ထဲက လုံးဝထွက်ခွာသွားတော့တယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၂)

### နေ့လယ်ခင်းအချိန်တစ်ခုမှာ . . .

ဆလွန်းကားအဖြူရောင်တစ်စီးဟာ ခပ်နှေးနှေးလုံခဲ့နတ်မင်းဘုံဟိုတယ်ထဲ ဝင်လာတယ်။

ကားပါကင်ဝန်ထမ်းက ကားနေရာပြပြီးလို့အခါ —

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ကားက ဘီးပေါက်သွားတာကွ၊

စပါယ်ယာဘီးလည်း ကွဲနေတယ်၊

ဒီတော့ ... ဘီးတွေဖြုတ်ပြီး

မောင်ရင်က ဘီးဖာတဲ့ဆိုင်ကို

သွားပို့ပေးပါ၊ ကိုယ်တို့ ဒီမှာ ခဏတည်းမယ်"

ကားပိုင်ရှင်ရဲ့စကားကြောင့် ပါကင်စောင့်က ...

"ဟုတ်ကဲ့ပါ သူဌေး၊ ကျွန်တော်

အားလုံး ကူညီပေးပါ့မယ်၊ အထဲကို ကြွပါခင်ဗျ"

လို့ ပြောလိုက်တယ်။

ဒီအခါ ကားပိုင်ရှင်ရဲ့ဇနီး မိန်းမဝကြီးက မျက်နှာထား

တင်းတင်းနဲ့ ...

"တို့က ဘီးပေါက်လို့ ခဏဝင်နားတာနော်၊

အခန်းခက ဘယ်လိုရှင်းရမလဲ"

လို့ မေးတဲ့အတွက် ဓနုထမ်းက ...

"ဟုတ်ကဲ့ခင်ဗျ ... ညှို့ကြိုကောင်တာက



အဆင်ပြေအောင် စီစဉ်ပေးပါလိမ့်မယ်၊

အထဲကိုသာ ကြွပါခင်ဗျ"

လို့ ပြန်ဖြေလိုက်တယ်။

ဒီနောက်မှာတော့ သူဌေးလင်မယားနဲ့အတူ ခြောက်နှစ်

အရွယ် ကောင်မလေးတို့ဟာ ဟိုတယ်ထဲ ဝင်သွားကြတယ်။

"ကြွပါရှင် ... နတ်မင်းဘုံဟိုတယ်က

ကြိုဆိုပါတယ်ရှင်၊

ဘယ်လိုအခန်းမျိုး တည်းချင်ပါသလဲရှင်"

ဟိုတယ်အဝက ညှို့ကြိုကောင်မလေးရဲ့အမေးကို မိန်းမ

ဝကြီးက ...

"တို့က ကားဘီးပေါက်လို့ ဝင်နားတာ၊

ခဏပဲ တည်းချင်တယ်၊ အခန်းခ

ဘယ်လိုရှင်းရမလဲ သိချင်တယ်၊

လို့ မေးလိုက်တဲ့အခါ ညှို့ကြိုကောင်မလေးက ကောင်

တာဆီကို ခေါ်သွားတယ်။ ညှို့ကြိုကောင်တာက လူတွေကို

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း ပြောလိုက်တဲ့အခါ ...

"ဟုတ်ကဲ့ ... ရပါတယ်ရှင်၊
ကျွန်မတို့ရဲ့ နတ်မင်းဘုံဟိုတယ်က
ဧည့်သည်တွေ အဆင်ပြေဖို့အတွက်သာ
အမိက ထားပါတယ်၊
လူကြီးမင်းတို့အနေနဲ့ ညမအိပ်ရင်
အခန်းခရဲ့တစ်ဝက်ကိုသာ ပေးရမှာ
ဖြစ်ပါတယ်ရှင်"

ဝန်ထမ်းကောင်မလေးရဲ့စကားကြောင့် မိန်းမကြီးဟာ မျက်နှာရှုံ့မဲ့သွားတယ်။

"အမယ်လေးတော် ... တစ်ရက်မှာ
နှစ်ဆယ့်လေးနာရီရှိတယ်၊
ဒါကိုပြန်ခွဲရင် ဆယ့်နှစ်နာရီရှိတယ်၊
တို့က သုံးလေးနာရီပဲနေမှာလေ၊
ဝန်ဆောင်မှုကလည်း ညံ့လိုက်တာအေ"



ထိုအသံကို ဟိုတယ်မန်နေဂျာ စိန်ဝင်း ကြားတဲ့အတွက် ကောင်တာကို လျှောက်သွားလိုက်တယ်။

"ဒီလိုရှိပါတယ် အစ်မကြီး ...
ကျွန်တော်က နတ်မင်းဘုံဟိုတယ်ရဲ့မန်နေဂျာပါ၊
ကျွန်တော်တို့ပြောတဲ့ အခန်းခရဲ့
ဈေးနှုန်းတွေက ပိုင်ရှင်သူဌေး
သတ်မှတ်ထားတာပါခင်ဗျ၊
အစ်မကြီးတို့လည်း သိပါတယ် ...
မြို့ကြီးတွေက ဟိုတယ်တွေဆိုရင်
ခဏတည်းလည်း တစ်ရက်စာပဲ
ရှင်းရတာပါ ခင်ဗျ၊ စိတ်မရှိပါနဲ့ခင်ဗျာ"

မန်နေဂျာရဲ့စကားကြောင့် ယောက်ျားဖြစ်သူက —

"ကဲပါ မအေးရာ ... ဘာမဟုတ်တာလေးကို
ကတ်တွက်မနေပါနဲ့၊ အမိက
ငါတို့ကား အမြန်ကောင်းပြီး

www.burmeseclassic.com



ခရီးဆက်ရဖို့ အရေးကြီးတယ်၊

မန်နေဂျာကြီး ... ကျုပ်တို့ကို

အခန်းအမြန်စီစဉ်ပေးပါ၊

သိပ်ပင်ပန်းနေပြီ”

လို့ ပြောလိုက်တဲ့အခါ ခြောက်နှစ်အရွယ်ကောင်မလေး

က ...

“ဟုတ်တယ် ဒယ်ဒီ၊

မီးလည်း မိုက်တွေ သိပ်ဆာနေပါပြီ”

လို့ ပြောလိုက်တော့တယ်။

“ဟုတ်ကဲ့ပါခင်ဗျ ... လူကြီးမင်းတို့

လိုအပ်တာအားလုံးကို ခဏတွင်းလေးမှာ

အဆင်ပြေအောင် လုပ်ပေးပါ့မယ် ခင်ဗျ”

မန်နေဂျာကြီးကိုယ်တိုင် ဧည့်သည်တွေကို အခန်းလိုက်

ပြဖို့ ပြင်လိုက်တယ်။

“နေပါဦး ဂျာကြီး ... ကျွန်တော်



ပြောစရာရှိလို့”

ဂျာကြီးရဲ့ခြေလှမ်း ရပ်သွားပြီး လှည့်ကြည့်လိုက်တယ်။

“ဟောဒီဧည့်သည်တွေက ...

ကားဘီးပေါက်လို့ လာတည်းကြတာပါ၊

ကျွန်တော် သူတို့ကားဘီးကို

အနီးဆုံးမြို့ထဲကားကြိုနဲ့

သွားဖာပေးရမှာပါ ခင်ဗျ၊

အဲဒါ ... ဂျာကြီးကို အကြောင်းကြားတာပါ”

ကားပါကင်ဝန်ထမ်းရဲ့အပြောကို ဂျာကြီးက ...

“အေး ... အဆင်ပြေအောင်

လုပ်ပေးလိုက်ပါ၊ သွား ... သွား ...

မင်းနေရာ မောင်သီးကို အစားထိုးခဲ့”

လို့ ခွင့်ပြုလိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၁၃)

"မာမိ . . . ကားဘီးပြင်တာ
ပြန်မလာသေးဘူးလားဟင်၊
မီး ပျှင်းနေပြီ မာမိရဲ့"

ကလေးငယ်ရဲ့အပြောကြောင့် မိန်းမဝကြီးက လက်မှ

www.burmeseclassic.com

www.burmeseclassic.com



နာရီကို ငုံ့ကြည့်လိုက်တယ်။

"ဟုတ်ပါရဲ့ ... ညနေစောင်း

စောင်းနေပြီ၊ ယောကျ်ားရေ ...

ညှို့ကြိုကောင်းတာကို လှမ်းမေးဦးရှင့်"

မိန်းမရဲ့အပြောကြောင့် စာစောင်ဖတ်နေတဲ့လူကြီးက

ဖုန်းခွက်ကောက်ကိုင်ရင်း ဖုန်းဆက်လိုက်တယ်။

"မာမီ ... မီး ပျင်းတယ်၊

ဟိုတယ်ဆောက မြက်ခင်းထဲ

သွားဆော့ချင်တယ် မာမီ"

"အေး ... အေး ... ဆော့ချင်သွားဆော့၊

အကြာကြီး မဆော့ရဘူးနော်၊

ဒီအချိန်ဆို နေလည်းအေးနေပြီပဲ ...

သွား ... သွား"

ကလေးမလေးက အခန်းတံခါးကို ပြေးဖွင့်ပြီး ဟိုတယ်

ရဲ့အောက်ထပ်ကို ပြေးဆင်းသွားတယ်။



"ခုပဲ သူတို့ ပြောတယ်ကွ၊

ဘီးဖာတဲ့ဝန်ထမ်း ပြန်မရောက်သေးဘူးတဲ့၊

ဟိုတယ်ခကို ခေါင်းထဲမထည့်ပါနဲ့တဲ့၊

သူတို့ အဆင်ပြေအောင် လုပ်ပေးမယ်တဲ့ကွ၊

အခန်းမှာပဲ အေးအေးဆေးဆေး နားနေဖို့

ပြောတယ်၊ မင်းကလည်းကွာ ...

ဒီလောက် ဆက်ဆံရေးကောင်းတဲ့

ဟိုတယ်ကြီးမှာ တန်အောင်နေစမ်းပါကွ၊

လောပြီး ပူမနေပါနဲ့ကွာ"

"သြော် ... ရှင်က ပြောအားရှိမှာပေါ့၊

ကျွန်မတို့ ခရီးထွက်လာတာ

ကျွန်မအမေ အသည်းအသန်ဖြစ်နေလို့လေ၊

ရှင့်အမေ မဟုတ်တော့ ဒီလိုပဲ

ပြောမှာပေါ့၊ ဘာပဲဖြစ်ဖြစ်

ကျွန်မကတော့ အမြန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ချင်နေပြီ”

လင်မယားနှစ်ယောက် ထိုသို့ပြောဆိုနေစဉ် ၎င်းတို့ရဲ့ သမီးလေးဟာ မြက်ခင်းပြင်ရှိ ဒန်းမှာ ရောက်ရှိနေတယ်။

ကောင်မလေးရဲ့ မလှမ်းမကမ်းမှာတော့ ပစ်တိုင်းထောင် ရုပ်ပိုက်ထားတဲ့ ကောင်မလေးတစ်ယောက်။

ထိုအရုပ်နဲ့ကောင်မလေးက သူမကို ငေးစိုက်ကြည့်နေ တယ်။

ဒန်းစီးနေတဲ့ ကောင်မလေးက အရုပ်နဲ့ ကောင်မလေးကို မြင်တွေ့သွားပြီး 'ဘာလဲ' ဆိုတဲ့သဘောနဲ့ ခေါင်းဆတ်ပြလိုက် တယ်။

အရုပ်နဲ့ကောင်မလေးဟာ ဒန်းအနီးကို တရွေ့ရွေ့ လျှောက်လာတယ်။

“ငါလည်း နင်နဲ့အတူ ဆော့ချင်တယ်”

“နင်က ဘယ်ကလဲ၊

ငါမှမသိဘဲဟ”



“နင့်လိုပဲပေါ့ ဒီဟိုတယ်ကြီးကပဲ၊

ငါတို့ အတူဆော့ရအောင်နော်”

“ဆော့တာတော့ ရပါတယ်ဟ၊

ဒါပေမဲ့ ... ငါ့ကို ဒန်းလွှဲပေး၊

ပြီးရင် နင်နဲ့ဆော့မယ်လေ”

ဒန်းပေါ်က ကောင်မလေးရဲ့စကားကြောင့် ပစ်တိုင်းထောင်ရုပ်နဲ့ ကောင်မလေးဟာ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ဒန်းကို လွှဲပေးလိုက်တယ်။

ပစ်တိုင်းထောင်ရုပ်နဲ့ ကောင်မလေးက ဒန်းကို မရပ်မနား လွှဲပေးနေတယ်။

အရှိန်ရလာသည်နှင့်အမျှ ဒန်းရဲ့မြန်နှုန်းက ပိုမိုပြင်းထန်လာတယ်။

ဒါ့ကြောင့် ဒန်းစီးနေတဲ့ ကောင်မလေးက တဖြည်းဖြည်း ကြောက်စိတ်ဝင်ပြီး ထိတ်လန့်လာတယ်။

“ဟဲ့ ... ငါ့ကို ရပ်ပေးတော့၊

www.burmeseclassic.com



ငါ ကြောက်တယ်၊ မစီးချင်တော့ဘူး၊

ရပ်ပေး ... ရပ်ပေး"

ဒန်းပေါ်က ကောင်မလေးရဲ့စကားကို အရုပ်နဲ့ ကောင်မလေးက လုံးဝဂရုမစိုက်ဘဲ 'တဟီးဟီး' ရယ်မောရင်း အရှိန်ကို ပိုပြင်းအောင် လွှဲထည့်လိုက်တယ်။

နောက်ဆုံး လွှဲလိုက်ချိန်မှာတော့ ပြင်းလွန်းတဲ့အရှိန်ကြောင့် ကောင်မလေးဟာ ဒန်းပေါ်က လွင့်စဉ်ပြီး မြေပေါ် ဝမ်းလျားမှောက် ပြုတ်ကျသွားတယ်။

"အား ... နာတယ်၊ နာတယ်၊

တမီရေ ... မာမီ ... လုပ်ပါဦး ...

အီး ... ဟီး ... ဟီး"

ဝန်ထမ်းအမျိုးသမီးတစ်ဦးက ထိုအဖြစ်ကို မြင်တွေ့ရင်း ပြေးသွားလိုက်တယ်။

သူမဟာ ကောင်မလေးကို ပွေ့ချီပြီး ဟိုတယ်ထဲ ခေါ်သွားလိုက်တယ်။



ဂျာကြီးအပါအဝင် ဝန်ထမ်းအားလုံး ပျာယာခတ်သွားကြတယ်။

ဂျာကြီးက သူ့မိဘတွေဆီ အကြောင်းကြားရင်း ဆေးသေတ္တာယူနိုင်းလိုက်တယ်။

ကောင်မလေးက မြေပြင်ကို အရှိန်နဲ့ကျတာကြောင့် သွားကျိုးသွားသလို သွေးတွေလည်း သိပ်ထွက်နေတယ်။

ဒါ့ကြောင့် နာကျင်မှုဒဏ်ကြောင့် ချော့မရနိုင်အောင် ငိုကြွေးနေရှာတယ်။

"အမယ်လေးတော် ... ငါ့သမီး ...

သမီးလေး ဘာဖြစ်တာလဲ"

ဂျာကြီးက မိန်းမဝကြီးကို အကြောင်းစုံ ရှင်းပြလိုက်သလို ကောင်မလေးကလည်း ...

"အီး ... သိပ်နာတယ် မာမီ၊

မီးကို သွားကျိုးအောင်လုပ်တာ

ဟိုကောင်မလေးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လုံးဝမကျေနပ်ဘူး၊

အိး ... ဟိး ... ဟိး"

"ဘာ ... ဘယ်လို၊

ငါ့သမီး ဒီလိုဖြစ်အောင်လုပ်တဲ့လူ

ရှိတယ် ... ဟုတ်လား၊

ဘယ်မှာလဲ ဒင်း"

"သူက ဒီဟိုတယ်မှာ မီးတို့လို

တည်းတာပဲ မာမီ၊

သူ့ကို ခေါ်ပေး၊ အပြစ်ပေးရမယ်၊

ဟင့် ... ဟင့်"

ကောင်မလေးရဲ့အပြောကြောင့် ဂျာကြီးနဲ့ဝန်ထမ်းတွေ

မျက်လုံးပြူးကုန်တယ်။

"ကြားလား ... ငါ့သမီး ပြောတာ၊

ခေါ်လိုက်စမ်း၊ နင်တို့ဟိုတယ်မှာ

တည်းနေတဲ့ ကောင်မလေးကို ခေါ်လိုက်"



ဂျာကြီးက ပြူးတူးပျာတာဟန်နဲ့ ...

"မဖြစ်နိုင်ဘူး အစ်မကြီး၊

ကျွန်တော်တို့ဟိုတယ်မှာ ...

အခန်းငါးခန်းပဲ၊

ခုချိန် လူရှိနေပါတယ်၊

အစ်မကြီးတို့တစ်ခန်းသာ မိသားစုပါ၊

ကျန်တာက စုံတွဲတွေချည်းပဲ ခင်ဗျ"

ကလေးအမေက ပိုမိုဒေါသထွက်ဟန်နဲ့ ...

"ဘာပြောတယ် ... ငါ လုံးဝမယုံဘူး၊

ငါ့ကို အဲဒီအခန်းလေးခန်းစလုံးကို

လိုက်ပြစမ်း၊

"ဟို ... ဒါတော့ မဖြစ်နိုင်ဘူးဗျ၊

ဟိုတယ်စည်းကမ်းအရ

တခြားဧည့်သည်ဘက်ကိုလည်း

ငဲ့ရမယ့်အနေအထားတွေ ရှိနေပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်ပါ ခင်ဗျ ...
ညှိုသည်ထဲမှာ အစ်မကြီးရဲ့
ကလေးကလွဲရင် ကလေးမပါပေမယ့်
သေချာအောင် ဟိုတယ်ဝင်းအနှံ့
လိုက်ကြည့်ပေးပါ့မယ်”
ဂျာကြီးရဲ့စကားကို ကလေးအဖေက ...
“ဟုတ်သားပဲ မိန်းမရ၊
မန်နေဂျာကြီးပြောတာ ငါလက်ခံတယ်၊
အတွဲတွေ သူတို့ဘာသာ
အေးအေးဆေးဆေး နားနေတာကို
သူခိုးလို အခန်းတိုင်း လိုက်ရှာလို့
ရမလားကွ၊ မင်းရဲ့စိတ်ကို
လျှော့လိုက်စမ်းပါ”
လို့ ပြောလိုက်တဲ့အတွက် မိန်းမကြီးက ...
“လာခဲ့ မီးမီး ... မာမီတို့ သွားမယ်”



ဆိုရင်း အခန်းရှိရာဆီ ခြေသောင့်နှင်းထွက်သွားလိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

**ထိုနေ့သည** ဆယ်နာရီခန့်အချိန် ...

အိုးဘိုရွာရှိ ယောကျ်ားကာလသားအားလုံး သူကြီးသင်

ညိုရဲ့အိမ်ဝိုင်းထဲ ရောက်ရှိနေကြတယ်။

သူကြီးက စားပွဲရှည်ကြီးရဲ့နောက် ရပ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီညဟာ လကွယ်ညပဲ၊

ငါ့ကို ဓေါ်အိုစာပြောထားတာ ရှိတယ်၊

ဒီည သန်းခေါင်ချိန်ရောက်တာနဲ့

တစ်ရွာလုံး ဘယ်သူမှ

အိမ်ထဲက အိမ်ပြင် မထွက်ရဘူး၊

ဓေါ်အိုစာဟာ သူ့ပညာရပ်ရဲ့

နောက်ဆုံးအဆင့် ထုံကူးမှုကို

ဒီည အဆုံးသတ်လိမ့်မယ်၊

ဒီအဆင့် သူ အထမြောက်သွားရင်

ငါတို့ရွာမှာ မကောင်းဆိုးဝါးဆိုတာ

လုံးဝ မရှိနိုင်တော့ဘူး၊

ငါပြောတဲ့စကားကို နားလည်ကြလားဟေ့"

လို့ ပြောလိုက်တဲ့အခါ ရွာသားအားလုံးက တညီ တညွတ်တည်း ...

"နားလည်ပါတယ် သူကြီး၊



ကျုပ်တို့ ခြံဝိုင်းအပြင်မထွက်ဘဲ

နေပေးပါ့မယ်"

လို့ ဝိုင်းကတိပေးကုန်ကြတယ်။

ထိုအချိန် နတ်မင်းဘုံဟိုတယ်ကြီးထဲကို ကိုယ်ပိုင်ကား တစ်စီး ဝင်လာတယ်။

ကားပေါ်က ဆင်းလာသူကို မြင်တဲ့အခါ ဝန်ထမ်းတွေ မျက်လုံးပြူးသွားကုန်တယ်။

နတ်မင်းဘုံရဲ့ပိုင်ရှင်သူဌေးတရုတ်ဟာ ဒယိမ်းဒယိုင်နဲ့ ကားပေါ်က ဆင်းလာတယ်။

သူ့ရဲ့နံဘေးမှာလည်း အသက်နှစ်ဆယ်မျှ မရှိသေးတဲ့ မြန်မာဆန်ဆန် မိန်းကလေးပါလာတယ်။

"ဟေ့ကောင်တွေ ... ငါ့ကို

ဘာကြည့်နေကြတာလဲ ... အေ့၊

ဒီဟိုတယ်မှာ အကောင်းဆုံးဖြစ်တဲ့

ငါ့အခန်းမှာ ငါ သွားနားမယ် ... အေ့၊

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ငါ့ကို တွဲခေါ်ကြစမ်းကွ”

သူဌေးရဲ့အမိန့်ကို မလွန်ဆန်ဝံ့တဲ့ ဝန်ထမ်းတွေက သူ့ကိုတွဲရင်း အခန်းဆီ လိုက်ပို့ပေးရတယ်။

နံဘေးက ကောင်မလေးကတော့ စိတ်ညစ်ညူးဟန်နဲ့ လိုက်ပါသွားတယ်။

ဂျာကြီးက ထိုအဖြစ်ကိုကြည့်ပြီး ...

“ဟူး ... သူဌေးကတော့

လုပ်ချပြန်ပြီ၊ ဟိုတယ်ဖွင့်ခါစကလည်း ...

သူ့စမောလေး ခေါ်လာလို့

မယားကြီးနဲ့ ပြဿနာတက်ပြီးပြီ၊

ခုလည်း ထပ်လုပ်ပြန်ပြီ၊

ဒီဟိုတယ်မှာ မန်နေဂျာလုပ်ရတာ

သိပ်မျက်နှာလုပ်တယ်၊

စိတ်ပျက်တယ်ကွာ”

လို့ ညည်းညူလိုက်တယ်။



ထိုအခိုက် ...

မီသားစုသုံးယောက်ရှိတဲ့ အခန်းထဲမှာတော့ ...

“မီးရေ ... ဒီဆေးက အရောင်ကျဆေး၊

ဒါသောက်ပြီး အိပ်တော့နော်၊

ဒါမှ သွားကျိုးသွားတဲ့နေရာက

မနာကျင်မှာ မီးရဲ့”

မိခင်ရဲ့အပြောကြောင့် ကလေးမလေးက မျက်နှာရှုံ့မဲ့ပြီး

“ဟင့်အင်း ... မီးကြောက်တယ် မာမီ၊

ဒီမှာမနေချင်တော့ဘူး၊ မီးတို့ကားဘီးတွေက

ဘယ်တော့ ပြန်ရမှာလဲဟင်”

လို့ မျက်လုံးအဝိုင်းသားနဲ့ မေးလိုက်တယ်။

“ညဦးပိုင်းက ဘီးဖာတဲ့ဝန်ထမ်းလေ

ဟိုတယ်ကို ဖုန်းဆက်တယ်၊

ဘီးက ဖာလို့ပြီးပြီ မီးရဲ့၊

ကားမရလို့ သူက ပြန်လာလို့ မရတာ

www.burmeseclassic.com



မိုးလင်းတာနဲ့ သူပြန်ရောက်မှာ၊

မာမီတို့ မိုးလင်းရင် ပြန်လို့ရပြီ၊

အိပ် ... အိပ်တော့”

မိခင်ဖြစ်သူ မိန်းမဝကြီးရဲ့အပြောကြောင့် ကလေးမလေးဟာ ကျေနပ်ဟန်နဲ့ မျက်လုံးမှိတ်သွားရှာတယ်။

အချိန်က ညဆယ့်တစ်နာရီကျော်သွားချေပြီ။

သူကြီးရဲ့အမိန့်ကြောင့် ဟိုတယ်ကြီးရဲ့အနောက်ဘက်ရှိ အိုးဆိုတစ်ရွာလုံး တုတ်တုတ်မျှ မလှုပ်ဝံ့ကြဘူး။

ဒေါ်အိုစာပြောထားတဲ့အတိုင်း ညဆယ့်တစ်နာရီကျော်သွားတဲ့အတွက် သူကြီးသက်ညိုဟာ ၎င်းရဲ့တပည့်နှစ်ယောက်နဲ့အတူ ဒေါ်အိုစာအိမ်ဝိုင်းဘက် ထွက်ခဲ့ကြတယ်။

၎င်းရဲ့အိမ်ဝိုင်းရှေ့ရောက်တော့ ခြံဝမှာအသင့်စောင့်နေတဲ့ ဒေါ်အိုစာကို တွေ့လိုက်ရတယ်။

□□□

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ရီတာ ထဘီကို ဖောက်ထိုးပတ်ထားသလို ထဘီ
ရင်ရှားကြီးနဲ့ ...

သူမရဲ့ခေါင်းမှာတော့ အရိုးချောင်းကြီးကို ဆံထိုးထိုး
ထားတယ်။



သူမဟာ ဖျင်လွှယ်အိတ်ကြီးလွယ်ရင်း သူကြီးတို့နဲ့အတူ
သချိုင်းဟောင်းဘက် တရွေ့ရွေ့ လျှောက်ခဲ့တယ်။

ညဆယ့်နှစ်နာရီထိုးခါနီး ဆယ်မိနစ်အလိုမှာတော့ ၎င်း
တို့ဟာ ရှာထိပ်ရှိ သချိုင်းဟောင်းနေရာ ... နတ်မင်းဘုံဟိုတယ်
ကြီးအနီးကို ရောက်ရှိသွားကြတယ်။

ထိုစဉ် ဟိုတယ်ကြီးရဲ့မိသားစုသုံးဦးတည်းတဲ့ အခန်း
တွင်းမှာတော့ ...

ကောင်မလေးဟာ နားရွက်ကိုလာပြီး လှုပ်ဆွဲခံရတာ
ကြောင့် မျက်လုံးတွေ ပွင့်သွားတယ်။

ဘေးကိုကြည့်တော့ မိခင်ရော၊ ဖခင်ပါ နှစ်ခြိုက်စွာ
အိပ်ပျော်နေကြတယ်။

"ဟင် ... နင် ... နင် ...

လာပြန်ပြီလား၊

နင် ဘယ်ကလဲ၊ ညနေက

နင့်ကို ဟိုတယ်တစ်ဝင်းလုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာကြတယ်၊ မတွေ့ခဲ့ဘူးဟဲ့၊

နင် ... လူမှဟုတ်ရဲ့လား၊

လူယုတ်မာမရဲ့"

ကောင်မလေးက သူမအား ရပ်ပြီး ကြည့်နေတဲ့ ရွှယ်တူမိန်းကလေးကို ဒေါသတကြီး ပြောလိုက်တယ်။

အရွှယ်နဲ့မလိုက်အောင် ဩရှတဲ့အသံက ရပ်နေတဲ့ ကောင်မလေးရဲ့နှုတ်ကနေ ထွက်လာတယ်။

"ဟုတ် ... တယ် ... ငါက ... လူမဟုတ်ဘူး၊

ငါက ... သရဲမပဲ၊ နင်နဲ့ ဒီနေရာအားလုံးကို

ဒီ ... ည ... မြေလှန်ပစ်မယ်၊

ဟီး ... ဟီး ... ဟီး ... ဟီး"

သရဲမလေးရဲ့အပြောကြောင့် ကောင်မလေးဟာ မျက်လုံးတွေ ဝိုင်းစက်သွားရှာတယ်။

ထိုအချိန် မန်နေဂျာကြီးရဲ့အခန်းဝမှာတော့ ...

'ဒုန်း ... ဒုန်း ... ဒုန်း'



"ဂျာကြီး ... ထပါဦး ဂျာကြီးရ၊

အရေးကြီးလို့ပါ၊ ကျုပ် မောင်သီးပါဗျ"

အသံကြောင့် အိပ်ပျော်လုဆဲဆဲဖြစ်နေတဲ့ ဂျာကြီး လန့်သွားတယ်။

တံခါးထဖွင့်ပေးရင်း ...

"ဟော့ကောင် သီး ... အချိန်လည်း

ကြည့်ဦးကွ၊ ဘာဖြစ်တာလဲ"

လို့ မျက်လုံးပွတ်မေးလိုက်တယ်။

"ကျွန်တော် ရွာထဲက သူငယ်ချင်းအိမ်

သွားတာဗျ၊ ခုပဲ ပြန်ရောက်တာ၊

အရေးများကြီးမလားလို့ပါ၊

ဂျာကြီးကို သတင်းပို့တာ၊

ဒီည ... ရွာထဲက စုန်းမကြီး

ဒေါ်အိုစာဟာ မကောင်းဆိုးရွားတွေကို

အပြတ်ရှင်းမယ်တဲ့ဗျ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... ကျွန်တော်တို့

ဟိုတယ်က ခြောက်လန့်မှုတွေကို

ရပ်တန့်စေချင်ရင် သူ့ဒွေးကိုယ်တိုင်

သူ့ဆီ လာတောင်းပန်မှ

လုပ်ပေးနိုင်မယ်ဗျ၊

ဒီည ... တစ်ခုခုတော့

ဖြစ်တော့မယ်ထင်တယ်ဗျာ"

ကားပါကင်ဝန်ထမ်းမောင်သီးရဲ့စကားကြောင့် ဂျာကြီး မျက်မှောင်ကြုတ်သွားရှာတယ်။

"ဒါပေမဲ့ ... မဖြစ်နိုင်ဘူး မောင်သီး၊

သူ့ဒွေးက ဒါမျိုးတွေ လုံးဝလက်ခံတာ

မဟုတ်ဘူးကွ၊ ဘာမှမဖြစ်လောက်ပါဘူးကွာ၊

မင်းလည်း သွားအိပ်တော့၊

ညဉ့်နက်နေပြီ ... သွား ... သွား"

မောင်သီးက ဂျာကြီးရဲ့အပြောကြောင့် ဘာမှမပြော



တော့ဘဲ ထွက်သွားတော့တယ်။

မိသားစုသုံးဦးရှိတဲ့ အခန်းထဲမှာတော့ ...

မီးမီးဆိုတဲ့ ကောင်မလေးက နှုတ်က အသံမထွက်နိုင် လောက်အောင် ကြောက်လန့်နေရှာတယ်။

"ငါ့ ... ကို ... စိုက်ကြည့်စမ်း၊

ခု ... ချိန်ကစပြီး ... ငါ့အမိန့်ကို

နင် ... လွန်ဆန်လို့ မရဘူး၊

ကြည့်စမ်း ... ကြည့်စမ်း"

မီးမီးတစ်ယောက် စူးစိုက်ကြည့်နေစဉ်မှာပဲ သရဲမလေး ကနေ အလွန်ကြောက်မက်ဖွယ်ကောင်းတဲ့ သရဲကြီးအသွင် ပြောင်းလဲသွားတယ်။

သရဲကြီးက သူ့အနီး တရွေ့ရွေ့ ရွေ့လျားလာပြီး သူ့ ကိုယ်ထဲ စွပ်ခနဲ ဝင်လိုက်တယ်။

မီးမီးဟာ ဆတ်ခနဲ တုန်သွားတယ်။

သူမရဲ့မျက်နှာတွေ တင်းမာပြီး မျက်လုံးတွေ ပြူးထွက်

www.burmeseclassic.com

www.burmeseclassic.com



နေသလို ...

"သဘက်ကြီး ... ငါ့အကြောင်း သိစေရမယ်"

လို့ ကြုံးဝါးလိုက်တယ်။

မကောင်းဆိုးဝါးကောင်ကြီးဟာ လက်နှစ်ဖက်ကို ဆံနွ ထုတ်ရင်း နှုတ်က တတွတ်တွတ် ရေရွတ်လိုက်တယ်။

နတ်မင်းဘုံဟိုတယ်ရှိ တံခါးပေါက်အားလုံး ရုတ်ခြည်း ဆိုသလို ပွင့်ထွက်ကုန်တယ်။

အချိန်က ညဆယ့်နှစ်နာရီတိတိ ရှိချေပြီ။

ဒေါ်အိုစာဟာ မြေပြင်ပေါ်တင်ပျဉ်ခွေထိုင်ရင်း တံ တောင်ဆောက်ရှိတဲ့ ဆေးဖယောင်းတိုင်ကြီးကို မီးညှိလိုက် တယ်။

ပြီးတော့ မျက်လုံးစုံမှိတ်ပြီး အရိုးခေါင်းကြီးကို အရိုး ချောင်းနဲ့ တတုံတုံ ခေါက်လိုက်တယ်။

သူကြီးနဲ့ တပည့်နှစ်ယောက်ဟာ ဒေါ်အိုစာလုပ်သမျှ ဘေးက စိုက်ကြည့်နေကြတယ်။



ဒီအချိန်မှာပဲ ...

နတ်မင်းဘုံဟိုတယ်ကြီးဆီက ဝုန်းဝုန်းဒိုင်းဒိုင်းအသံ တွေ ထွက်ပေါ်လာတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

**အသံတွေကြောင့်** ဟိုတယ်ရှိ လူအားလုံး လန့်ဖျပ်ပြီး အပြင်ကို ပြေးထွက်ကုန်ကြတယ်။

မကောင်းဆိုးဝါးကောင်ရဲ့ ရယ်မောသံကြီးနဲ့အတူ ဟိုတယ်မှာရှိတဲ့ ပစ္စည်းတွေအားလုံးဟာလည်း တံခါးပေါက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကနေ လွင့်စဉ်လာတယ်။

"ဟာ ... ငါ့ပစ္စည်းတွေ ကုန်ပါပြီ၊

ဒါ ... ဒါ ... ဘာဖြစ်ကုန်တာလဲဟ"

သူဌေး တရုတ်တစ်ယောက် တအံ့တဩရေရွတ်လိုက်သလို ဝန်ထမ်းတွေအားလုံး ဒူးတုန်မတတ် ကြောက်လန့်နေကြတယ်။

မောင်သီးက လွင့်စဉ်လာတဲ့ ပစ္စည်းတွေကို ကြည့်ရင်း

"ဒါ ... ဒါ သရဲခြောက်နေတာဗျ၊

ဗုဏ္ဏက တိုက်ခံနေရတာ"

လို့ ပြောလိုက်တဲ့အခါ သူဌေးနဲ့လူအားလုံး မျက်လုံးပြူးကုန်ကြတယ်။

"ကယ်ကြပါဦးရှင် ...

အထဲမှာ ကျွန်မသမီးလေး ကျန်ခဲ့တယ်၊

ကျွန်မတို့လည်း အသံတွေကြောင့်

လျှောင်လှုပ်တယ်ထင်ပြီး



လန့်ဖျပ်ပြေးထွက်လာတာ၊

လုပ်ကြပါဦး ... ဟီး ... ဟီး ... ဟီး"

"ဟာ ... ဟိုမှာ အစ်မကြီးသမီး၊

သူ ... သူ ထွက်လာပြီ၊

ကြည့်ပါဦး ... သူ့မျက်နှာက

ကြောက်စရာကြီးဗျ"

မောင်သီးရဲ့အပြောကြောင့် အားလုံးရဲ့အကြည့်က ဟိုတယ်ရဲ့ဝင်ပေါက်ဆီ ရောက်သွားကြတယ်။

"ဟီး ... ဟီး ... ဟီး ... ဟီး

ဒီည ... ဒီနေရာကို

အားလုံး ဖြိုဖျက်ပစ်မယ်၊

ငါတို့ကို မတောင်းပန်ဘဲ

ငါတို့နေရာ အပိုင်စီးတဲ့ကောင် ...

နင့်စည်းစိမ် ပြုတ်ဖို့ပြင်ထားဟေ့ ...

ဟား ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးဝင်စီးခံရတဲ့ မီးမီးရဲ့အသံကြောင့် အားလုံး လန့်ဖျပ်သွားကုန်တယ်။

"အမယ်လေးတော် ...

ငါ့သမီးလေး သရဲစီးခံနေရပြီ၊

ဒါ ... နင်တို့ဆီမှာ တည်းလို့ဖြစ်ရတာ၊

နင်တို့ ဘယ်လိုရှင်းမလဲ ပြောကြစမ်း"

သူဌေးတရုတ်ဟာ ချွေးသီးချွေးပေါက်ကျအောင် တုန်လှုပ်နေရှာတယ်။

ကျားကြီးဘက်လှည့်ပြီး ...

"ငါ ... ငါ ယုံတောင်မယုံဘူးကွာ၊

ဒါမျိုးတွေက တကယ်ပဲ ရှိသလားဟ၊

ဘာ ... ဘာလုပ်ရမလဲ စိုးဝင်းရာ"

လို့ ပြောနေစဉ်မှာပဲ 'ဝုန်း' ခနဲ အသံကြီး ကြားလိုက်ရတယ်။

ဟိုတယ်ခေါင်မိုးပြားကြီးတွေ ကျိုးကြေပြီး လွင့်စဉ်လာ



တဲ့အတွက် အားလုံး ခြေဦးတည့်ရာ ပြေးကုန်ကြတယ်။

"သူဌေး ... အခု ယုံပြီမဟုတ်လား၊

ဒေါ်အိုစာဆိုတဲ့ စုန်းမကြီးကို

သူဌေး တောင်းပန်ရမယ်၊

ဒါမှ ... သူဌေး ဒီထက်ပိုပြီး

မဆုံးရှုံးမှာဗျ၊ ကျုပ်နဲ့လိုက်ခဲ့"

မန်နေဂျာစိုးဝင်းက သူဌေးတရုတ်ရဲ့လက်ကို ဆွဲရင်း ဒေါ်အိုစာတို့ရှိရာ ပြေးသွားတယ်။

ထိုအချိန် ဒေါ်အိုစာတို့ဆီမှာတော့ ...

သူကြီးနဲ့တပည့်တွေဟာ ဒေါ်အိုစာအနီး ဝိုင်းအုံလာ အရိပ်မည်းကြီးတွေကြောင့် အကြီးအကျယ် ကြောက်လန့်နေ တယ်။

ဒေါ်အိုစာက ထိုင်ရာက ထရပ်လိုက်တယ်။

"ဟား ဟား ဟား

ငါ့အမေ မှုနိုင်ခဲ့တဲ့ နာနာဘာဝအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ငါ အနိုင်ရပြီ၊ ခုချိန်ကစပြီး

ဖုတ်၊ တစ္ဆေ၊ သရဲ၊ သဘက်အားလုံး

အိုစာမရဲ့ထုံကူးမှု အောင်မြင်ခဲ့ပြီ၊

ကဲ ... လာကြစမ်း"

ဒေါ်အိုစာက ထိုသို့ကြွေးကြော်ရင်း ပြာမှုန့်တွေနဲ့ အရိပ်မည်းတွေကို လှမ်းပက်လိုက်တယ်။

မကောင်းဆိုးဝါးတွေရဲ့ကြောက်မက်ဖွယ် အော်ဟစ်ငိုကြွေးသံတွေက အိုးဘိုတစ်ရွာလုံး တုန်လှုပ်ဖွယ် ကြားလိုက်ရတယ်။

"အမေအိုစာ ... အမေအိုစာ ...

ကျုပ်ကို ကယ်ပါဦးဗျာ၊

မကောင်းဆိုးဝါးတွေ ကျုပ်ဟိုတယ်ကြီးကို

ဖျက်ဆီးနေကြပါပြီ၊

ခြေထောက်ဖက် တောင်းပန်ပါတယ်ဗျာ၊

ကယ်တင်ပေးပါ အမေအိုစာ"



သူဌေးတရုတ်ဟာ ပြေးလွှားလာရင်း ဒေါ်အိုစာရဲ့ဆားဒူးထောက်တောင်းပန်လိုက်တယ်။

"ဒီမယ် သူဌေးကောင်ရဲ့ ...

ငွေရှိလို့ ဘာမှအယူမရှိဘူးဆိုတဲ့

စိတ်ကို ပြင်လိုက်ပါ၊

တကယ်ဆို ကိုယ် စီးပွားရှာမယ့်နေရာမှာ

လုပ်သင့်တာကိုတော့ လုပ်ပေးခဲ့ရမယ်၊

ဒါတွေဖြစ်လာခြင်းဟာ နင် ပိုင်ရှင်ကိုယ်တိုင်

သချိုင်းမြေက ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်တွေအတွက်

ပွဲနဲ့တောင်းပန်ခဲ့ရမှာအေ့၊ ခုတော့ ...

မဖြစ်သင့်တာတွေ ဖြစ်ကုန်ရပြီ၊

ကျုပ်ကို ခြေထောက်ဖက်တောင်းပန်တော့လည်း

ကူညီရတာပေါ့၊

နင့်ဟိုတယ်မှာ သောင်းကျန်းနေတာ

ဒီနေရာရဲ့သက်တမ်းအကြာမြင့်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



သဘက်ကြီးပဲ၊ ကဲ ... ကျုပ်နောက်လိုက်ခဲ့ကြ”

ဒေါ်အိုစာက ထိုသို့ပြောပြီး ဟိုတယ်ကြီးဆီ အရိုးတောင်ဖေးကို တဒေါက်ဒေါက်ထောက်ရင်း လျှောက်သွားတယ်။

သူတို့အားလုံး ဒေါ်အိုစာနောက်က လိုက်ပါသွားကြတယ်။

သူဌေးတရုတ်တို့ကို မြင်တဲ့အခါ မီးမီးရဲ့မိဘတွေ ဖြေလျှော့သွားရောက်လာပြီး ...

“နင်ဟာ အသုံးမကျတဲ့ သူဌေးပဲ၊

ဟိုမှာ ကြည့်စမ်း ... နင့်ကြောင့်

ငါ့ကလေး သေမတတ် ခံစားနေရတယ်၊

နင့်ဝန်ထမ်းတချို့လည်း လွင့်လာတဲ့

ပစ္စည်းတွေထိပြီး ဒဏ်ရာတွေ ရကုန်ပြီ၊

ငါ့သမီး တစ်ခုခုဖြစ်လို့ကတော့

နင့်ကို တရားစွဲပြီး ထောင်ချပစ်မယ်၊

ဟီး ... ဟီး ... ဟီး”



လို့ ငိုယိုပြောလာတယ်။

ဒေါ်အိုစာက ဟိုတယ်ကြီးကို လှမ်းကြည့်ရင်း တရွေ့ရွေ့ လျှောက်သွားတယ်။

မီးမီးရဲ့ဟားတိုက်ရယ်မောသံကြီးနဲ့အတူ ပစ္စည်းတွေက တဖွားဖွား လွင့်စဉ်ကျနေဆဲ။

“ဟား ဟား ဟား ဟား ...

ကုန်စမ်း ... အားလုံးကို ဖျက်ဆီးပစ်မယ်ဟေ့၊

ပြီးရင် ... အားလုံးကို မသာဘဝ

ပြောင်းပစ်မယ်၊

ဟား ဟား ဟား”

ဒေါ်အိုစာက တံခါးပေါက်ရှေ့ ရပ်ရင်း တောင်ဝှေးဆောင့်ချလိုက်တယ်။

“ဟေ့ ... မကောင်းဆိုးဝါးကောင်၊

အခု ... နင့်ကို သဘက်ဘဝကနေ

ချွတ်ဖို့ ငါ ရောက်လာပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အိုစာမအကြောင်း နင်သိရစေမယ်၊

လာခဲ့စမ်း”

ဒေါ်အိုစာရဲ့လက်ညှိုးထိုးအပြောကြောင့် သဘက်ကြီး
ဒေါသထွက်သွားပုံရတယ်။

၎င်းရဲ့လက်အစုံကို မြှောက်ရင်း လေထဲကနေ ဒေါ်အိုစာ
ကိုင်ပေါက်ဖို့ ကြိုးစားနေတယ်။

ဒေါ်အိုစာက သူ့ဆီ ရွေ့လျားလာတဲ့ လေပွေလုံးကြီးကို
ဘင်ဆေးနဲ့ ဆတ်ခနဲ ရိုက်ချလိုက်တယ်။

“ဟား ဟား ဟား ...

ဒီအချိန်မှာပဲ မကောင်းဆိုးဝါးအားလုံးကို

ချုပ်ကိုင်နိုင်တဲ့ ငါ အိုစာမ ဖြစ်သွားပြီ၊

နင့်ကို ချုပ်ကိုင်နိုင်ဖို့ နှစ်ပေါင်းများစွာ

ငါ ကြိုးစားခဲ့ရတယ်၊ ဒီနေ့၊ ဒီည ...

ငါ့ရဲ့အောင်မြင်မှု၊ နင့်ရဲ့ကျရှုံးမှုပဲဟဲ့၊

စုန်းမကြီးဒေါ်အိုစာရဲ့အစွမ်းကို နင်သိရတော့မယ်”



ဒေါ်အိုစာက ဖျင်လွယ်အိတ်ထဲက အရိုးပြာမှုန့်ငေ
ထုတ်ရင်း မီးမီးရှိရာ လှမ်းပက်လိုက်တယ်။

ပြာမှုန့်တွေဟာ လေထဲမှာပဲ ဘောလုံးလောက်ရှိတဲ့ ဖ
လုံးသဏ္ဍာန်ဖြစ်သွားတယ်။

ထိုဖန်လုံးဟာ လေထဲဝဲပျံသွားပြီး မီးမီးလေးရဲ့ကိုယ်ပေ
အ[illegible]ငွေ့အဖြစ် လွှမ်းခြုံသွားတယ်။

မကောင်းဆိုးဝါးသဘက်ကြီးရဲ့ ကမ္ဘာပျက်မတတ
အော်ဟစ်သံကြီးက နားကွဲလုမတတ် ကြားလိုက်ရတယ်။

လူအားလုံး အသံဆိုးကြီးကြောင့် နားကိုယ်စီ ပိတ်ထ
ကြကုန်တယ်။

မီးမီးလေးဟာ အချိန်ကြာမြင့်စွာ မြေမှာ လူးလိမ့်
အော်ဟစ်နေရှာ[illegible]ယ်။

ဒေါ်အိုစာကြီးရဲ့အောင်မြင်ဝံ့ကြွားတဲ့ ဟားတိုက်
မောသံကြီးဟာ မကောင်းဆိုးဝါးအော်သံနဲ့ အား[illegible]နေသ
အလား။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမြင့်တဲ့အခါ မီးမီးလေး ငြိမ်ကျသွားရာတယ်။

သူမရဲ့ကိုယ်ထဲက အခိုးအငွေ့တွေ ထွက်လာတယ်။

ထိုအခိုးအငွေ့တွေဟာ တဖြည်းဖြည်း ပေါင်းစုရင်း ဖန်လုံးသဏ္ဌာန် ပြန်ဖြစ်သွားတယ်။

ဖန်လုံးလေးထဲမှာတော့ ရှန်းကန်နေတဲ့ မကောင်းဆိုးဝါးသဘက်ကြီး။

ဖန်လုံးလေးဟာ လေပေါ် ဝဲပျံရင်း ဒေါ်အိုစာရှိရာ ရောက်သွားတယ်။

ဒေါ်အိုစာ ဖန်လုံးကို လက်ပေါ်တင်ရင်း ...

"ဟား ဟား ဟား ...

အခုချိန်ကစပြီး နင့်ကို ငါပိုင်သွားပြီ၊

ငါ စေလိုရာ နင် လုပ်ပေးရတော့မယ်၊

စုန်းမကြီးဒေါ်အိုစာဟာ မကောင်းဆိုးဝါးအားလုံးကို ချုပ်ကိုင်နိုင်ပြီ ... ဟား ဟား ဟား"



လို့ ကြွေးကြော်လိုက်တယ်။

သူကြီးနဲ့ လူအားလုံး မီးမီးလေးရှိရာ ပြေးလွှားရင်း ကလေးငယ်ကို ထွေးပွေ့လိုက်ကြတယ်။

"လုပ်ကြပါဦး ... သူ့ကို ခေါ်လို့မရဘူး"

လူ[illegible]ရဲ့စိုးရိမ်မှုကို ဒေါ်အိုစာက ...

"ဘာမှစိတ်မပူကြပါနဲ့ ... ရေသွားယူခဲ့စမ်း"

လို့ စေခိုင်းလိုက်တယ်။

ရေယူလာတဲ့အခါ ဒေါ်အိုစာက မှိုင်းခံစက္ကူနဲ့ စီရင်ထားတဲ့ အင်းချပ်ကို မီးမီးရဲ့ပါးစပ်ထဲ ထည့်ပြီး ရေနဲ့မျှောချစေတယ်။

မီးမီးလေး သတိပြန်ရလာတဲ့အခါမှာတော့ အားလုံးဝမ်းသာသွားပြီး ဒေါ်အိုစာကို ကျေးဇူးစကား ဆိုကြကုန်တယ်၊

ဒေါ်အိုစာက [illegible]ားလုံးကို လက်ကာပြရင်း ...

"ကျုပ်အတွက် ကျေးဇူးဟာ

ဘာမှသုံးစားလို့ မရဘူး၊

ကျုပ် လုပ်သင့်တာ လုပ်ခဲ့ပြီးပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သွားမယ်”

လို့ ပြောဆိုပြီး တောင်ဝှေးကို တဒေါက်ဒေါက် ထောက်ရင်း ထွက်ခွာသွားတယ်။

သူကြီး၊ တရုတ်သူဌေးနဲ့ လူအားလုံး ဒေါ်အိုစာကြီးရဲ့ ကျောပြင်ကို ငေးကြည့်ရင်း သင်္ချိုင်းဟောင်းမြေ ဟိုတယ်ကြီးရှေ့ ငြိမ်သက်စွာ ကျန်ရစ်ခဲ့တော့တယ်။

❐❐❐

“သင်္ချိုင်းကုန်းက ... ဟိုတယ်ကြီး”

မအိုစာ

BURMESE CLASSIC

www.burmeseclassic.com